ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်

# ပြည်သူ့လွှတ်တော်ကို ကိန်းဂဏန်းအခြေပြုချဉ်းကပ်ခြင်း

# သုတေသနစာတမ်း

(ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒုတိယပုံမှန်အစည်းအဝေးထိ မေးခွန်းများနှင့် အဆိုများလေ့လာချက်)

**ပထမပုံမှန်အစည်းအဝေး (၁.၂.၂၀၁၆ မှ ၁၀.၆.၂၀၁၆) ထိ**

**ဒုတိယပုံမှန်အစည်းအဝေး (၂၅.၇.၂၀၁၆ မှ ၇.၁၀.၂၀၁၆) ထိ**

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၅ |
| ၂။ | ရည်ရွယ်ချက် | ၅ |
| ၃။ | မေးမြန်းတင်သွင်းသော မေးခွန်းနှင့် အဆိုများကိုလေ့လာခြင်း | ၅ |
| ၄။ | ကြယ်ပွင့်ပြ(နှုတ်ဖြေ)မေးခွန်းအရေအတွက်၊ကြယ်ပွင့်ပြမေးခွန်း(စာဖြေ)နှင့် ရက်ပေါင်းများ | ၆ |
| ၅။ | ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခဲ့သည့် အမျိုးသမီးကိုယ်စားလှယ်ဦးရေ | ၇ |
| ၆။ | ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခဲ့သည့် အမျိုးသားကိုယ်စားလှယ်ဦးရေ | ၁၀ |
| ၇။ | တင်သွင်းခဲ့သည့် ကြယ်ပွင့်ပြနှုတ်ဖြေမေးခွန်းများကို လေ့လာခြင်း | ၁၇ |
| ၈။ | မေးမြန်းခဲ့သောကြယ်ပွင့်ပြနှုတ်ဖြေမေးခွန်းအရေအတွက်နှင့် ကျင်းပသည့်ရက်ပေါင်းနှင့် ပျမ်းမျှ နှိုင်းယှဉ်ချက် | ၁၈ |
| ၉။ | ကြယ်ပွင့်ပြနှုတ်ဖြေမေးခွန်းများအား နှိုင်းယှဉ်လေ့လာမှုများ | ၁၈ |
| ၁၀။ | မေးမြန်းဖြေကြားခဲ့သည့် ကြယ်ပွင့်ပြမေးခွန်း အရေအတွက်ကို ကျား-မ အလိုက်ခွဲခြား လေ့လာခြင်း | ၁၉ |
| ၁၁။ | ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသောလွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုနိုင်ငံရေးပါတီကို လေ့လာခြင်း | ၂၀ |
| ၁၂။ | အဆိုများကို လေ့လာခြင်း | ၂၁ |
| ၁၃။ | အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကျား-မ ဖြစ်မှုကို လေ့လာခြင်း | ၂၁ |

၁၄။ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုနိုင်ငံရေးကို လေ့လာခြင်း ၂၁

၁၅။ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် အဆိုတင်သွင်းမှုကို လေ့လာခြင်း- ၂၂

၁၆။ အရေးကြီးအဆိုကို လေ့လာ ခြင်း ၂၃

၁၇။ အဆိုတင်သွင်းခဲ့သည့်အဆိုအရေအတွက်နှင့်ရက်အလိုက်ပျမ်းမျှအဆို အရေအတွက်နှိုင်းယှဉ်ချက် ၂၄

၁၈။ အဆိုတင်သွင်းဆွေးနွေးသော လွှတ်တော်ကိုယ်စားလှယ်များ ၂၅

၁၉။ ဒုတိယပုံမှန်အစည်းအဝေးတွင်အဆိုတင်သွင်းသောလွှတ်တော်ကိုယ်စားလှယ် များ၏ ကိုယ်စားပြု ၂၆

၂၀။ နိုင်ငံရေးပါတီကို လေ့လာခြင်း ၂၇

၂၁။ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်းရင်းသား ဖြစ်မှုကို လေ့လာခြင်း ၂၈

၂၂။ လွှတ်တော်ကိုယ်စားလှယ်များ၏ အရေးကြီးအဆိုအတည်ပြုနှင့် အတည်ပြုအဆိုစာရင်း ၃၀

၂၃။ အတည်မပြုသည့် အဆိုများ ၃၃

၂၄။ ရုပ်သိမ်းသည့် အဆိုများ ၃၃

၂၅။ အရေးကြီးအဆိုမှတ်တမ်းတင် နှင့်မှတ်တမ်းတင်အဆို ၃၄

၂၆။ ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့်အဆိုများ ၃၅

၂၇။ အဆိုတင်သွင်းသော ကိုယ်စားပြုဒေသအလိုက်လေ့လာခြင်း ၄၀

| | | |
|---|---|---|
| ၂၈။ | ပထမပုံမှန်အစည်းအဝေးမှ ဒုတိယပုံမှန်အစည်းအဝေးထိ ကိုယ်စားပြုဒေသ အလိုက်အဆိုတင်သွင်းမှု | ၄၁ |
| ၂၉။ | အဆိုများအပေါ် အဆုံးအဖြတ်လေ့လာခြင်း | ၄၁ |
| ၃၀။ | အဆိုများကို ဆွေးနွေးမှုများအား လေ့လာခြင်း | ၄၃ |
| ၃၁။ | ကော်မတီများကို ဖွဲ့စည်းခြင်း /၂၀၁၆ ခုနှစ်၊ ပြဋ္ဌာန်းပြီးသော ဥပဒေများ | ၄၆ |
| ၃၂။ | သုံးသပ်ချက် | ၄၉ |
| ၃၃။ | နိဂုံး | ၅၀ |
| ၃၄။ | ရည်ညွှန်းကိုးကားစာရင်း | ၅၀ |

# ပြည်သူ့လွှတ်တော်ကို ကိန်းဂဏန်းအခြေပြုချဉ်းကပ်ခြင်း

# သုတေသနစာတမ်းတို

## နိဒါန်း

၁။ လွှတ်တော် (Parliament) သည် နိုင်ငံတစ်နိုင်ငံ၏ ဥပဒေပြုအာဏာရှိသော အဖွဲ့အစည်း ဖြစ်သည်။ မြန်မာနိုင်ငံ၏ ယနေ့ဥပဒေပြုရေးမဏ္ဍိုင်တွင် ပြည်သူ့လွှတ်တော်၏ အခန်းကဏ္ဍ သည်လည်း တစ်ထောင့်တစ်နေရာမှ ပါဝင်နေပါသည်။ ပြည်သူ့လွှတ်တော်ရုံး၏ သုတေသန အစီရင်ခံစာ စာတမ်းသည် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒုတိယပုံမှန်အစည်းအဝေးထိ မေးခွန်းများနှင့် အဆိုများကို လေ့လာချက်အစီရင်ခံစာများဖြစ်ရာ မေးခွန်းမေးမြန်းမှုနှင့် အဆိုတင်သွင်းမှုအခြေအနေများကို နေ့စဉ်သုတေသနပြု၍ လေ့လာထား ပါသည်။

## ရည်ရွယ်ချက်

၂။ ပြည်သူ့လွှတ်တော်၏ အခြေနေအရပ်ရပ်ကို စောင့်ကြည့်လေ့လာရာတွင် ပြည်သူ့ လွှတ်တော်၏အင်္ဂါရပ်များဖြစ်သည်။ ကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်း၊ အစိုးရအားထိန်းကျောင်း စိစစ်ခြင်းတို့သည် စွမ်းဆောင်နိုင်သော အချက်အလက်များပေါ်တွင် အကဲဖြတ်နိုင်ရန်ဖြစ်ပါ သည်။ ထိုသို့အချက်အလက်များကိုကောက်ယူရာမှ ပြည်သူ့လွှတ်တော်၏လုပ်ငန်းဆောင်ရွက် ချက်အဆင့်ဆင့်များအား သိရှိနားလည်စေရန်နှင့် ဥပဒေပြုမှု၊ မေးခွန်းမေးမြန်းမှုနှင့် အဆို တင်သွင်းမှုတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ တိုင်းတာနိုင်မည့် အကျိုးရလဒ်များ ထွက်ပေါ်လာမည်ဖြစ်သည်။ ပြည်သူ့လွှတ်တော်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ၏ပမာဏ များပြားလာသည်နှင့်အမျှ လွယ်ကူစွာရှာဖွေမှီငြမ်းနိုင်ရန်အတွက် ကိန်းဂဏန်းများနှင့် ရည်ညွှန်းကိန်းများကို သုတေသနစာတမ်းတိုအဖြစ် ပြုစုတင်ပြခြင်းဖြစ်ပါသည်။

**ပြည်သူ့လွှတ်တော်၊ ဒုတိယအကြိမ် ပထမပုံမှန်အစည်းအဝေးမှ ဒုတိယပုံမှန်အစည်းအဝေး ထိ မေးမြန်းတင်သွင်းသော မေးခွန်းနှင့် အဆိုများကိုလေ့လာခြင်း**

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၀၁၆ ခုနှစ် ဇွန်လ ၁၀ ရက်နေ့အထိ ၄၃ ရက် ကျင်းပခဲ့ကြောင်း သိရှိရပါသည်။ ပထမပုံမှန်အစည်းအဝေးအတွင်း ကြယ်ပွင့်ပြ မေးခွန်းပေါင်း (၈၃) ခု မေးမြန်းခဲ့သည့်အတွက် ထိုကာလအတွင်း ပျမ်းမျှအားဖြင့်တစ်ရက်လျှင် မေးခွန်း ၂ ခု မေးမြန်းခဲ့ခြင်းဖြစ်ပါသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့မှ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့ထိ ၄၇ ရက် ကျင်းပခဲ့ကြောင်း သိရှိရပါသည်။ ဒုတိယပုံမှန်အစည်းအဝေးအတွင်း ကြယ်ပွင့်ပြမေးခွန်းပေါင်း (၂၂၅) ခု မေးမြန်းခဲ့သည့်အတွက် ထိုကာလအတွင်း ပျမ်းမျှအားဖြင့်တစ်ရက်လျှင် မေးခွန်း ၅ ခု မေးမြန်းခဲ့ခြင်းဖြစ်သည်။

**ပြည်သူ့လွှတ်တော်၊ ဒုတိယအကြိမ်ပထမပုံမှန်အစည်းအဝေးမှ ဒုတိယပုံမှန် အစည်းအဝေး ထိ ကြယ်ပွင့်ပြမေးခွန်း(နှုတ်ဖြေ)၊ ကြယ်ပွင့်ပြမေးခွန်း(စာဖြေ)တို့၏အရေအတွက်နှင့် ရက်ပေါင်း**

၄။ ပြည်သူ့လွှတ်တော် ဒုတိယအကြိမ် ပထမပုံမှန်အစည်းအဝေးမှ ဒုတိယပုံမှန်အစည်းအဝေး ထိ ကြယ်ပွင့်ပြမေးခွန်း အရေအတွက်နှင့် ရက်ပေါင်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| **ပုံမှန်အစည်းအဝေး** | **မေးခွန်းအရေအတွက်(နှုတ်ဖြေ)/ (စာဖြေ)** | **ရက်ပေါင်း** |
|---|---|---|
| ပထမ ပုံမှန်အစည်းအဝေး | ၈၃ + ၃၈ = ၁၂၁ | ၄၃ ရက် |
| ဒုတိယ ပုံမှန်အစည်းအဝေး | ၂၂၅ + ၃၈ = ၂၆၃ | ၄၇ ရက် |
| **စုစုပေါင်း** | **၃၀၈ + ၇၆ = ၃၈၄** | |

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေးမှ ဒုတိယပုံမှန်အစည်းအဝေးထိ မေးခွန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ

| စဉ် | အစည်းအဝေး အကြိမ် | ကြယ်ပွင့်ပြ မေးခွန်း (နှုတ်ဖြေ) | ကြယ်ပွင့်ပြ မေးခွန်း (စာဖြေ) | ကြယ်ပွင့်မပြ မေးခွန်းဖြေ | စုစုပေါင်းဖြေဆိုမှု |
|---|---|---|---|---|---|
| ၁။ | ပထမအကြိမ် | ၈၃ | ၃၈ | ၂၃၀ | ၃၅၁ |
| ၂။ | ဒုတိယအကြိမ် | ၂၂၅ | ၃၈ | ၄၇၇ | ၇၄၀ |
| | စုစုပေါင်း | ၃၀၈ | ၇၆ | ၇၀၇ | ၁၀၉၁ |

**ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေးကာလအတွင်း ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခဲ့သည့် အမျိုးသမီးကိုယ်စားလှယ်ဦးရေ**

၅။ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခဲ့သည့် အမျိုးသမီးကိုယ်စားလှယ်ဦးရေမှာ-

| စဉ် | အမည် | ကိုယ်စားပြုမဲဆန္ဒနယ် | မေးခွန်းအရေအတွက် |
|---|---|---|---|
| ၁။ | ဒေါ်ချိုချိုဝင်း | မော်လိုက် | ၁ |
| ၂။ | ဒေါ်သန္တာ | အိမ်မဲ | ၁ |
| ၃။ | ဒေါ်တင်တင်ရီ | ကျွန်းစု | ၁ |
| ၄။ | ဒေါ်ခင်သန်းနု | မင်းတုန်း | ၁ |
| ၅။ | ဒေါ်အေးအေးမူ | ကလေး | ၁ |
| ၆။ | ဒေါ်အေးမြမြမျိုး | ကျောက်တန်း | ၁ |

| စဉ် | အမည် | ကိုယ်စားပြုမဲဆန္ဒနယ် | မေးခွန်းအရေအတွက် |
|---|---|---|---|
| ၇။ | ဒေါ်ခင်စောဝေ | ရသေ့တောင် | ၂ |
| ၈။ | ဒေါက်တာဒေါ်အေဇင်လတ် | ရွှေဘို | ၂ |
| ၉။ | ဒေါ်နန်းသန်းသန်းလွင် | ဘားအံ့ | ၂ |
| ၁၀။ | ဒေါက်တာဒေါ်ခင်စည်သူ | လွိုင်ကော် | ၁ |
| ၁၁။ | ဒေါ်နန်းခမ်းအေး | နမ္မတူ | ၁ |
| ၁၂။ | ဒေါက်တာဒေါ်ခင်စိုးစိုးကြည် | ပြည် | ၁ |
| ၁၃။ | ဒေါ်ခင်နှင်းသစ် | ပန်းတောင်း | ၁ |
| ၁၄။ | ဒေါ်ယဉ်မင်းလှိုင် | ဂန့်ဂေါ | ၁ |
| ၁၅။ | ဒေါ်ဖြူဖြူသင်း | မင်္ဂလာတောင်ညွန့် | ၁ |
| ၁၆။ | ဒေါက်တာဒေါ်ပြုံး | အင်းတော် | ၁ |
| | | **စုစုပေါင်း** | **၁၉** |

ဒုတိယအကြိမ်ပထမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခဲ့သည့် အမျိုးသမီးကိုယ်စားလှယ်ဦးရေ (၁၆) ဦးမေးမြန်းခဲ့ကြောင်းတွေ့ရှိခဲ့ပါသည်။

**ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခဲ့သည့် အမျိုးသမီးကိုယ်စားလှယ်ဦးရေမှာ-**

| စဉ် | အမည် | ကိုယ်စားပြုမဲဆန္ဒနယ် | မေးခွန်းအရေအတွက် |
|---|---|---|---|
| ၁။ | ဒေါ်အေးအေးမူ | ကလေး | ၃ |
| ၂။ | ဒေါက်တာဒေါ်ခင်စည်သူ | လွိုင်ကော် | ၁ |
| ၃။ | ဒေါ်ခင်သန်းနု | မင်းတုန်း | ၃ |
| ၄။ | ဒေါ်နန်းထွေးသူ | ဖားဆောင်း | ၁ |
| ၅။ | ဒေါ်ခင်နှင်းသစ် | ပန်းတောင်း | ၂ |
| ၆။ | ဒေါ်ခင်စောဝေ | ရသေ့တောင် | ၂ |

| စဉ် | အမည် | ကိုယ်စားပြုမဲဆန္ဒနယ် | မေးခွန်းအရေအတွက် |
|---|---|---|---|
| ၇။ | ဒေါ်ခင်စန်းလှိုင် | ပုလဲ | ၂ |
| ၈။ | ဒေါက်တာဒေါ်မေဝင်းမြင့် | မရမ်းကုန်း | ၁ |
| ၉။ | ဒေါ်နီနီမေမြင့် | တောင်ကုတ် | ၃ |
| ၁၀။ | ဒေါ်နီရွှေလျှန်း | ထန်တလန် | ၃ |
| ၁၁။ | ဒေါ်ယဉ်မင်းလှိုင် | ဂန့်ဂေါ | ၂ |
| ၁၂။ | ဒေါ်နန်းခမ်းအေး | နမ္မတူ | ၃ |
| ၁၃။ | ဒေါ်မြခွာညိုဦး | ရွှေတောင် | ၁ |
| ၁၄။ | ဒေါက်တာဒေါ်ကြည်မို့မို့လွင် | စဉ့်ကိုင် | ၁ |
| ၁၅။ | ဒေါက်တာဒေါ်ခင်စိုးစိုးကြည် | ပြည် | ၁ |
| ၁၆။ | ဒေါ်အေးမြမြမျိုး | ကျောက်တန်း | ၁ |
| ၁၇။ | ဒေါ်နီနီဒွန်း | ပေါက်ခေါင်း | ၁ |
| ၁၈။ | ဒေါ်စန်းစန်းအိ | မိုးညှင်း | ၁ |
| ၁၉။ | ဒေါ်နန်းမိုး | မန်တုံ | ၁ |
| ၂၀။ | ဒေါ်တင်တင်ရီ | ကျွန်းစု | ၁ |
| ၂၁။ | ဒေါက်တာဒေါ်အေဇင်လတ် | ရွှေဘို | ၁ |
| | | **စုစုပေါင်း** | **၃၅** |

ဒုတိယအကြိမ် ဒုတိယပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခဲ့သည့် အမျိုးသမီး ကိုယ်စားလှယ်ဦးရေ (၂၁) ဦးမေးမြန်းခဲ့ကြောင်းတွေ့ရှိခဲ့ပါသည်။

**ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေး ကာလအတွင်း ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခဲ့သည့် အမျိုးသားကိုယ်စားလှယ်ဦးရေ**

၆။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခဲ့သည့် အမျိုးသားကိုယ်စားလှယ်ဦးရေများမှာ-

| **စဉ်** | **အမည်** | **ကိုယ်စားပြုမဲဆန္ဒနယ်** | **မေးခွန်းအရေအတွက်** |
|---|---|---|---|
| ၁။ | ဦးပိုက်ကို | ပခုက္ကူ | ၁ |
| ၂။ | ဦးဘရှိန် | ကျောက်ဖြူ | ၂ |
| ၃။ | ဦးစိုင်းသီဟကျော် | မိုင်းရယ် | ၃ |
| ၄။ | ဦးခင်မောင်သီ | လွိုင်လင် | ၂ |
| ၅။ | ဦးစစ်အေး | တောင်သာ | ၁ |
| ၆။ | ဦးစိုင်းသန့်ဇင် | သီပေါ | ၁ |
| ၇။ | ဒေါက်တာဦးလှမိုး | အောင်မြင်သာဇံ | ၁ |
| ၈။ | ဦးမင်းနောင် | ပင်လည်ဘူး | ၂ |
| ၉။ | ဦးစိုးစံသက်ထွန်း | မြင်းမူ | ၁ |
| ၁၀။ | ဦးစိုင်းဝေါင်းဆိုင်ဟိန်း | မောက်မယ် | ၂ |
| ၁၁။ | ဦးကံဦး | စလင်း | ၂ |
| ၁၂။ | ဒေါက်တာဦးခင်မောင်မောင် | ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၁ |
| ၁၃ | ဒေါက်တာဦးမြင့်သိန်း | ညောင်လေးပင် | ၁ |
| ၁၄။ | ဦးကျော်မင်း | လက်ပံတန်း | ၁ |
| ၁၅။ | ဦးလင်းဇော်ထွန်း | မိုင်းဖြတ် | ၂ |
| ၁၆။ | ဒေါက်တာဦးဝင်းအောင် | ခင်ဦး | ၁ |
| ၁၇။ | ဦးမျိုးဇော်အောင် | ကောလင်း | ၁ |
| ၁၈။ | ဦးသန်းစိုး | သာစည် | ၄ |
| ၁၉။ | ဦးမြင့်ဦး | သနပ်ပင် | ၂ |

| စဉ် | အမည် | ကိုယ်စားပြုမဲဆန္ဒနယ် | မေးခွန်းအရေအတွက် |
|---|---|---|---|
| ၂၀။ | ဦးမျိုးညွန့် | ဟုမ္မလင်း | ၁ |
| ၂၁။ | ဦးကျော်ရွှေ | ရမ်းဗြဲ | ၁ |
| ၂၂။ | ဦးမြင့်ထွန်း | တန့်ဆည် | ၁ |
| ၂၃။ | ဦးအောင်နိုင် | မိုးကုတ် | ၁ |
| ၂၄။ | ဦးစိန်ဟန် | ကံမ | ၁ |
| ၂၅။ | ဦးဖေသန်း | မြေပုံ | ၂ |
| ၂၆။ | ဦးလုံဂျူဆန်မိုင် | ဆွမ်ပရာဘွမ် | ၁ |
| ၂၇။ | ဦးဝင်းဝင်း | မင်းဘူး | ၁ |
| ၂၈။ | ဦးအေးနိုင် | ဒဂုံမြို့သစ်(တောင်ပိုင်း) | ၁ |
| ၂၉။ | ဦးနေမျိုးထက် | ကျောက်တံတား | ၂ |
| ၃၀။ | ဦးချင်းဖေလင်း | မံစီ | ၁ |
| ၃၁။ | ဦးထွန်းထွန်း | ပွင့်ဖြူ | ၂ |
| ၃၂။ | ဦးမြင့်ထွန်း | တန့်ဆည် | ၁ |
| ၃၃။ | ဦးတင်ထွေး | ဝေါ | ၁ |
| ၃၄။ | ဦးစိန်အောင် | ပလက်ဝ | ၁ |
| ၃၅။ | ဦးမျိုးဇော်ဦး | လယ်ဝေး | ၁ |
| ၃၆။ | ဦးမြင့်ဦး | သနပ်ပင် | ၂ |
| ၃၇။ | ဦးနေလင်းအောင် | မင်းတပ် | ၁ |
| ၃၈။ | ဦးအောင်သိုက် | ဆိပ်ဖြူ | ၁ |
| ၃၉။ | ဦးစောထွန်းမြအောင် | ဖာပွန် | ၁ |
| ၄၀။ | ဦးသန်းညွန့် | ဖြူး | ၁ |
| ၄၁။ | ဦးအောင်စိန် | ထားဝယ် | ၁ |

| စဉ် | အမည် | ကိုယ်စားပြုမဲဆန္ဒနယ် | မေးခွန်းအရေအတွက် |
|---|---|---|---|
| ၄၂။ | ဒေါက်တာဦးတင်ဌေးအောင် | ရေစကြို | ၁ |
| ၄၃။ | ဦးသာချို( ခ )ဦးတင်ကြိုင် | ရေနံချောင်း | ၁ |
| ၄၄။ | ဦးစောတင်ဝင်း | ကြာအင်းဆိပ်ကြီး | ၁ |
| ၄၅။ | ဦးရန်လင်း | ကျိုက်လတ် | ၁ |
| ၄၆။ | ဦးကျော်မြင့် | တိုက်ကြီး | ၁ |
| ၄၇။ | ဦးဌေးဝင်းအောင် | ဒေါပုံ | ၁ |
| ၄၈။ | ဦးမောင်မောင်ဦး | အင်းစိန် | ၁ |
| | | **စုစုပေါင်း** | **၆၄** |

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခဲ့သည့် အမျိုးသားကိုယ်စားလှယ်ဦးရေမှာ-

| စဉ် | အမည် | ကိုယ်စားပြုမဲဆန္ဒနယ် | မေးခွန်းအရေအတွက် |
|---|---|---|---|
| ၁။ | ဦးဝင်းဝင်း | မင်းဘူး | ၄ |
| ၂။ | ဦးမောင်မြင့် | မင်းကင်း | ၄ |
| ၃။ | ဦးစောသလေးစော | ရွှေကျင် | ၂ |
| ၄။ | ဦးစိန်ဗိုလ် | မြဝတီ | ၁ |
| ၅။ | ဦးပိုက်ကို | ပခုက္ကူ | ၂ |
| ၆။ | ဦးအေးနိုင် | ဒဂုံမြို့သစ်(တောင်ပိုင်း) | ၄ |
| ၇။ | ဦးစိုင်းမွန်း | လဲချား | ၁ |
| ၈။ | ဦးစိုင်းထွန်းစိန် | မိုင်းပြင်း | ၁ |
| ၉။ | ဒေါက်တာဦးသန်းအောင်စိုး | မင်းလှ | ၂ |
| ၁၀။ | ဦးမြင့်ကြည် | ကသာ | ၂ |
| ၁၁။ | ဦးကျော်ဌေး | လေရှီး | ၅ |

| စဉ် | အမည် | ကိုယ်စားပြုမဲဆန္ဒနယ် | မေးခွန်းအရေအတွက် |
|---|---|---|---|
| ၁၂။ | ဦးခင်ချို | လှိုင်းဘွဲ့ | ၄ |
| ၁၃။ | ဦးမောင်မောင်ဦး | အင်းစိန် | ၂ |
| ၁၄။ | ဦးကျော်စိုး | ဇန်းမောက် | ၁ |
| ၁၅။ | ဦးခွန်မောင်သောင် | ပင်လောင်း | ၁ |
| ၁၆။ | ဦးစိုင်းသန့်ဇင် | သီပေါ | ၁ |
| ၁၇။ | ဦးစောကျော်ဝင်းမောင် | ကျိုက်မရော | ၁ |
| ၁၈။ | ဦးတိုးသောင် | မိုးမိတ် | ၁ |
| ၁၉။ | ဦးတင်ထွေး | ဝေါ | ၃ |
| ၂၀။ | ဦးဒွေးငွေ | မြောင် | ၁ |
| ၂၁။ | ဦးအောင်သောင်းရွှေ | ဘူးသီးတောင် | ၃ |
| ၂၂။ | ဒေါက်တာဦးလင်းလင်းကျော် | မြစ်သား | ၂ |
| ၂၃။ | ဦးဘရှိန် | ကျောက်ဖြူ | ၂ |
| ၂၄။ | ဦးကံမြင့် | သရက် | ၂ |
| ၂၅။ | ဦးဖေသန်း | မြေပုံ | ၃ |
| ၂၆။ | ဦးမင်းနောင် | ပင်လည်ဘူး | ၁ |
| ၂၇။ | ဦးမြင့်လွင် | ပုဗ္ဗန်တောင် | ၂ |
| ၂၈။ | ဒေါက်တာဦးစောနိုင် | တောင်ဥက္ကလာပ | ၄ |
| ၂၉။ | ဦးစိုင်းဖိုးမြတ် | မူဆယ် | ၁ |
| ၃၀။ | ဦးဝမ်းလှ | နန်းယွန်း | ၄ |
| ၃၁။ | ဦးအောင်ကျော်ဖုံ | ပေါက်တော | ၅ |
| ၃၂။ | ဦးရဲလွင် | အလုံ | ၁ |
| ၃၃။ | ဦးအင်ထုံးခါးနော်ဆမ် | မြစ်ကြီးနား | ၁ |
| ၃၄။ | ဦးကျင်ဝမ်း | ဟိုပန် | ၁ |

| စဉ် | အမည် | ကိုယ်စားပြုမဲဆန္ဒနယ် | မေးခွန်းအရေအတွက် |
|---|---|---|---|
| ၃၅။ | ဦးစိန်ဟန် | ကံမ | ၁ |
| ၃၆။ | ဒေါက်တာဦးတင်ဋွေးအောင် | ရေစကြို | ၁ |
| ၃၇။ | ဒေါက်တာဦးသန်းဝင်း | မြောက်ဥက္ကလာပ | ၂ |
| ၃၈။ | ဦးဝင်းအောင် | မိုးမောက် | ၁ |
| ၃၉။ | ဦးကျော်ရွှေ | ရမ်းဗြဲ | ၁ |
| ၄၀။ | ဒေါက်တာဦးခင်မောင်မောင် | ဒဂုံမြို့သစ်(မြောက်ပိုင်း) | ၂ |
| ၄၁။ | ဦးမျိုးဇော်ဦး | လယ်ဝေး | ၁ |
| ၄၂။ | ဦးဝင်းမြင့်အောင် | ဒီပဲယင်း | ၂ |
| ၄၃။ | ဦးလွင်ကိုလတ် | သန်လျင် | ၁ |
| ၄၄။ | ဒေါက်တာစိုင်းမောက်ခမ်း | လားရှိုး | ၂ |
| ၄၅။ | ဦးဝင်းမြင့်ဦး(ခ)ဦးနေမျိုး | ညောင်ရွှေ | ၁ |
| ၄၆။ | ဦးအောင်ကျော်ကျော်ဦး | လှိုင် | ၂ |
| ၄၇။ | ဦးသာချို(ခ)ဦးတင်ကြိုင် | ရေနံချောင်း | ၁ |
| ၄၈။ | ဦးခင်မောင်သိန်း | စစ်ကိုင်း | ၄ |
| ၄၉။ | ဦးကျော်တင် | ဆော | ၄ |
| ၅၀။ | ဦးစိုင်းဆမ် | မိုင်းယန်း | ၁ |
| ၅၁။ | ဦးအောင်ခင်ဝင်း | မြိုင် | ၁ |
| ၅၂။ | ဦးသန်းစိုး | သာစည် | ၄ |
| ၅၃။ | ဦးဖိုးမောင် | ဖယ်ခုံ | ၁ |
| ၅၄။ | ဦးမြင့်ဝေ | ဝ | ၁ |
| ၅၅။ | ဦးမြင့်လွင် | တွံတေး | ၅ |
| ၅၆။ | ဦးဖြိုးဇေယျာသော် | ဇမ္ဗူသီရိ | ၃ |
| ၅၇။ | ဦးနေထက်ဝင်း | ဆင်ပေါင်ဝဲ | ၂ |

| စဉ် | အမည် | ကိုယ်စားပြုမဲဆန္ဒနယ် | မေးခွန်းအရေအတွက် |
|---|---|---|---|
| ၅၈။ | ဦးစိုင်းအောင်ပွင့် | တန့်ယန်း | ၁ |
| ၅၉။ | ဦးရွှေလှကြိုင် | ကန်ကြီးထောင့် | ၁ |
| ၆၀။ | ဦးမျိုးညွန့် | ဟုမ္မလင်း | ၂ |
| ၆၁။ | ဦးမင်းကြည် | သံတွဲ | ၁ |
| ၆၂။ | ဦးနေမျိုးထက် | ကျောက်တံတား | ၂ |
| ၆၃။ | ဒေါက်တာဦးမြင့်သိန်း | ညောင်လေးပင် | ၁ |
| ၆၄။ | ဦးသိန်းထွန်း | သာပေါင်း | ၁ |
| ၆၅။ | ဒေါက်တာဦးအောင်နိုင် | သပိတ်ကျင်း | ၁ |
| ၆၆။ | ဦးပါထန်း | မတူပီ | ၂ |
| ၆၇။ | ဦးဦးထွန်းဝင်း | ကျောက်တော် | ၄ |
| ၆၈။ | ဦးတင်အေး | မက်မန်း | ၂ |
| ၆၉။ | ဦးဇော်မင်းလွင် | မတ္တရာ | ၁ |
| ၇၀။ | ဦးဉာဏ်ဟိန်း | သံဖြူဇရပ် | ၂ |
| ၇၁။ | ဦးမြင့်ထွန်း | တန့်ဆည် | ၁ |
| ၇၂။ | ဦးမြင့်ဦး | သနပ်ပင် | ၃ |
| ၇၃။ | ဦးစိုင်းကျော်မိုး | မိုင်းပန် | ၂ |
| ၇၄။ | ဦးစိုင်းဦးခမ်း | သိန္နီ | ၂ |
| ၇၅။ | ဦးဝင်းထူး(ခ)ဦးမိုင်းဝင်းထူး | နမ့်ဆန် | ၂ |
| ၇၆။ | ဦးနိုင်နိုင်ဝင်း | တမူး | ၁ |
| ၇၇။ | ဦးဝင်းနိုင် | မိုးကောင်း | ၁ |
| ၇၈။ | ဦးလာမာလေး | ဆော့လော် | ၁ |
| ၇၉။ | ဦးဦးထွန်းမောင် | ပုဏ္ဏားကျွန်း | ၃ |
| ၈၀။ | ဦးအောင်ကျော်လွင် | စေတုတ္တရာ | ၁ |

| စဉ် | အမည် | ကိုယ်စားပြုမဲဆန္ဒနယ် | မေးခွန်းအရေအတွက် |
|---|---|---|---|
| ၈၁။ | ဒေါက်တာဦးမင်းသိန်း | ရေဦး | ၁ |
| ၈၂။ | ဦးနန်မွန်ထင် | မချမ်းဘော | ၂ |
| ၈၃။ | ဒေါက်တာဦးအောင်ခင် | ပြင်ဦးလွင် | ၂ |
| ၈၄။ | ဦးထွန်းဝေ | ဖောင်းပြင် | ၁ |
| ၈၅။ | ဦးထွန်းထွန်းနိုင် | ကနီ | ၁ |
| ၈၆။ | ဦးဦးလှစော | မြောက်ဦး | ၂ |
| ၈၇။ | ဦးတင်နု(ခ)ဦးတင်နုအောင် | မာန်အောင် | ၁ |
| ၈၈။ | ဦးခင်ဇော် | ကျောက်ဆည် | ၁ |
| ၈၉။ | ဦးဇော်မင်းသိန်း | လေးမျက်နှာ | ၁ |
| ၉၀။ | ဒေါက်တာဦးစိန်မြအေး | ဒလ | ၁ |
| ၉၁။ | ဦးသန်းအောင် | ငပုတော | ၁ |
| ၉၂။ | ဦးအောင်မြင့်ရှိန် | မဘိမ်း | ၁ |
| ၉၃။ | ဦးထွန်းထွန်း | ပွင့်ဖြူ | ၂ |
| ၉၄။ | ဦးမောင်မောင် | ထီးချိုင့် | ၂ |
| ၉၅။ | ဦးသန်းစိုးအောင် | ပျဉ်းမနား | ၁ |
| ၉၆။ | ဦးခင်မောင်လတ် | မြန်အောင် | ၁ |
| ၉၇။ | ဒေါက်တာဦးထွန်းလင်းမော် | ကြံခင်း | ၁ |
| ၉၈။ | ဒေါက်တာဦးထွန်းအောင်ခိုင် | ရေး | ၁ |
| ၉၉။ | ဦးအောင်ထူးမြင့် | အောင်လံ | ၁ |
| ၁၀၀။ | ဦးမြင့်သိန်း | ဝက်လက် | ၁ |
| ၁၀၁။ | ဦးစိုင်းဆိုင်မိုင်း | မိုင်းကိုင် | ၁ |
| ၁၀၂။ | ဦးစိုးမြင့်(ခ)ဦးအောင်ဇော်မြင့် | အမရပူရ | ၁ |
| ၁၀၃။ | ဦးစိုင်းဝေါင်းဆိုင်ဟိန်း | မောက်မယ် | ၁ |

| စဉ် | အမည် | ကိုယ်စားပြုမဲဆန္ဒနယ် | မေးခွန်းအရေအတွက် |
|---|---|---|---|
| ၁၀၄။ | ဦးရန်လင်း | ကျိုက်လတ် | ၁ |
| ၁၀၅။ | ဦးအောင်စိုး | ယင်းမာပင် | ၁ |
| ၁၀၆။ | ဦးကျော်မြင့် | တိုက်ကြီး | ၁ |
| ၁၀၇။ | ဦးစိုင်းဘသိန်း | လင်းခေး | ၁ |
| ၁၀၈။ | ဦးစိုင်းထွန်းအောင် | မိုင်းယောင်း | ၁ |
| | | **စုစုပေါင်း** | **၁၉၁** |

**ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေးမှ ဒုတိယပုံမှန်အစည်းအဝေးထိ ပြည်သူ့လွှတ်တော်၌ တင်သွင်းခဲ့သည့် ကြယ်ပွင့်ပြနှုတ်ဖြေမေးခွန်းများကို လေ့လာခြင်း**

၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်မှ ၂၀၁၆ ခုနှစ် ဇွန်လ ၁၀ ရက်နေ့ထိ ရက်ပေါင်း ၄၃ ရက် ကျင်းပခဲ့ပြီး ကြယ်ပွင့်ပြနှုတ်ဖြေမေးခွန်းပေါင်း ၈၃ ခု မေးမြန်းခဲ့သည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၂၅) ရက်မှ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ (၇) ရက်နေ့ထိ ရက်ပေါင်း (၄၇) ရက် ကျင်းပခဲ့ပြီး ကြယ်ပွင့်ပြနှုတ်ဖြေမေးခွန်းပေါင်း (၂၂၅) ခု မေးမြန်းခဲ့ပါသည်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒုတိယပုံမှန်အစည်းအဝေးထိ မေးမြန်းခဲ့သော ကြယ်ပွင့်ပြနှုတ်ဖြေ မေးခွန်းအရေအတွက်နှင့် ကျင်းပသည့်ရက်ပေါင်းနှင့် ပျမ်းမျှ နှိုင်းယှဉ်ချက်**

၈။ ကြယ်ပွင့်ပြနှုတ်ဖြေမေးခွန်းအရေအတွက်နှင့် ကျင်းပသည့်ရက်ပေါင်းတို့၏ ပျမ်းမျှနှိုင်းယှဉ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ကြယ်ပွင့်ပြနှုတ်ဖြေ အရေအတွက် | အစည်းအဝေး ကျင်းပသည့် ရက်ပေါင်း | တစ်ရက်ချင်းပျမ်းမျှ မေးခွန်းအရေ အတွက် |
|---|---|---|---|---|
| ၁ | ပထမပုံမှန်အစည်းအဝေး | စုစုပေါင်း = ၈၃ ခု | ၄၃ ရက် | ၂ |
| ၂ | ဒုတိယပုံမှန်အစည်းအဝေး | စုစုပေါင်း = ၂၂၅ ခု | ၄၇ ရက် | ၅ |

**ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေးမှ ဒုတိယပုံမှန်အစည်းအဝေးထိ ပြည်သူ့လွှတ်တော်အတွင်း ကြယ်ပွင့်ပြနှုတ်ဖြေမေးခွန်းများအား နှိုင်းယှဉ်လေ့လာမှုများ**

၉။ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေးမှ ဒုတိယပုံမှန်အစည်းအဝေးထိ လွှတ်တော်ကိုယ်စားလှယ်များ၏ ကြယ်ပွင့်ပြနှုတ်ဖြေမေးခွန်း တင်သွင်းမှုများကိုလေ့လာရာတွင် မေးခွန်းရှင် လွှတ်တော်ကိုယ်စားလှယ်များ၏ ကျား-မ ဖြစ်မှုကို လေ့လာခြင်း၊ တိုင်းရင်းသား ဖြစ်မှုကို လေ့လာခြင်း၊ နိုင်ငံရေးပါတီကိုယ်စားပြုမှုကို လေ့လာခြင်း၊ ကိုယ်စားပြု ဒေသခွဲခြား လေ့လာခြင်း၊ ရည်ရွယ်ချက်များကို လေ့လာခြင်း၊ မေးခွန်းများအား တုန့်ပြန်ဖြေကြားမှု အမျိုးအစားများကို သုတေသနပြုလုပ်၍ လေ့လာထားပါသည်။

**ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေးမှ ဒုတိယပုံမှန်အစည်းအဝေးထိ မေးမြန်းဖြေကြားခဲ့သည့် ကြယ်ပွင့်ပြမေးခွန်း အရေအတွက်ကို ကျား-မ အလိုက်ခွဲခြား လေ့လာသည့်ဇယား**

| စဉ် | အကြိမ် | ကြယ်ပွင့်ပြ နှုတ်ဖြေ မေးခွန်း အရေအတွက် | အမျိုးသားကိုယ်စားလှယ်များ၏ မေးခွန်း | | အမျိုးသမီးကိုယ်စားလှယ်များ၏ မေးခွန်း | |
|---|---|---|---|---|---|---|
| | | | အရေအတွက် | ရာခိုင်နှုန်း | အရေအတွက် | ရာခိုင်နှုန်း |
| ၁။ | ပထမအကြိမ် | ၈၃ ခု | ၆၄ ခု | ၇၇% | ၁၉ ခု | ၂၃% |
| ၂။ | ဒုတိယအကြိမ် | ၂၂၅ ခု | ၁၉၀ ခု | ၈၄ % | ၃၅ ခု | ၁၆ % |
| | **စုစုပေါင်း** | **၃၀၈ ခု** | **၂၅၄ ခု** | **၈၃ %** | **၅၄ ခု** | **၁၇ %** |

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် မေးခွန်းပေါင်း (၈၃) ခုအနက် (၆၄) ခုကို အမျိုးသားကိုယ်စားလှယ်များက မေးမြန်းခဲ့ကြခြင်း ဖြစ်ပြီး မေးခွန်း (၁၉) ခုသည် အမျိုးသမီးကိုယ်စားလှယ်များ၏ မေးခွန်းများဖြစ်သည်။ အမျိုးသား ကိုယ်စားလှယ်များသည် မေးခွန်းအားလုံး၏ ၇၇ ရာခိုင်နှုန်းကို မေးမြန်းခဲ့ကြခြင်းဖြစ်ပြီး အမျိုးသမီးကိုယ်စားလှယ်များသည် မေးခွန်းအားလုံး၏ ၂၃ ရာခိုင်နှုန်းကို မေးမြန်းနိုင်ခဲ့ ကြောင်းတွေ့ရှိရပါသည်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့် မေးခွန်းပေါင်း (၂၂၅) ခုအနက် (၁၉၀) ခုကို အမျိုးသားကိုယ်စားလှယ်များက မေးမြန်းခဲ့ကြခြင်းဖြစ်ပြီး မေးခွန်း (၃၅) ခုသည် အမျိုးသမီးကိုယ်စားလှယ်များ၏ မေးခွန်းများ ဖြစ်သည်။ အမျိုးသားကိုယ်စားလှယ်များသည် မေးခွန်းအားလုံး၏ ၈၄ ရာခိုင်နှုန်းကို မေးမြန်း ခဲ့ကြခြင်းဖြစ်ပြီး အမျိုးသမီးကိုယ်စားလှယ်များသည် မေးခွန်းအားလုံး၏ ၁၆ ရာခိုင်နှုန်း ကို မေးမြန်းနိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

**ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုနိုင်ငံရေး ပါတီကို လေ့လာခြင်း**

၁၁။ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုနိုင်ငံရေး ပါတီများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ပါတီအမည် | ပထမအကြိမ် မေးခွန်း အရေအတွက် | ပထမအကြိမ် ရာခိုင်နှုန်း အခြေအနေ | ဒုတိယကြိမ် မေးခွန်း အရေအတွက် | ဒုတိယအကြိမ် ရာခိုင်နှုန်း အခြေအနေ |
|---|---|---|---|---|---|
| ၁။ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၆၀ | ၇၂.၂၉% | ၁၆၄ | ၇၂.၀၉ % |
| ၂။ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ | ၁၁ | ၁၃.၂၉% | ၁၉ | ၈.၄၄% |
| ၃။ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ | ၅ | ၆.၀၂% | ၁၁ | ၄.၉၀ % |
| ၄။ | ရခိုင်အမျိုးသားပါတီ | ၇ | ၈.၄၀% | ၂၅ | ၁၁.၁၁% |
| ၅။ | ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ပါတီ | - | - | ၁ | ၀.၄၄ % |
| ၆။ | လီဆူးအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ | - | - | ၁ | ၀.၄၄% |
| ၇။ | ‘ဝ’ ဒီမိုကရက်တစ်ပါတီ | - | - | ၁ | ၀.၄၄ % |
| ၈။ | တအောင်း(ပလောင်) အမျိုးသားပါတီ | - | - | ၃ | ၁.၃၃ % |
| | **စုစုပေါင်း** | **၈၃** | **၁၀၀%** | **၂၂၅** | **၁၀၀ %** |

**အဆိုများကို လေ့လာခြင်း**

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်စည်းအဝေးကို ၂၀၁၆ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် မှ ၂၀၁၆ခုနှစ် ဇွန်လ ၁၀ ရက်နေ့ ရက်ပေါင်းအထိ ၄၃ ရက် ကျင်းပခဲ့ပြီး တင်သွင်းအဆို ၆ ခု နှင့် အရေးကြီးအဆို ၆ ခုတင်သွင်းခဲ့ပါသည်။

ဒုတိယပုံမှန်အစည်းအဝေးကို ၂၀၁၆ခုနှစ် ဇူလိုင်လ ၂၅ ရက် မှ ၂၀၁၆ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့အထိ ရက်ပေါင်း ၄၇ ရက် ကျင်းပခဲ့ပြီး တင်သွင်းအဆို ၁၄ ခု နှင့် အရေးကြီးအဆို ၂ ခုတင်သွင်းခဲ့ပါသည်။

**အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကျား-မ ဖြစ်မှုကို လေ့လာခြင်း**

၁၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် အဆို (၁၂) ခု ကို အမျိုးသားကိုယ်စားလှယ် (၈) ဦးနှင့် အမျိုးသမီးကိုယ်စားလှယ် (၄) ဦး တို့ ကတင်သွင်းခဲ့ပါသည်။ ဒုတိယပုံမှန် အစည်းအဝေးတွင် အဆို (၁၆) ခု ကို အမျိုးသားကိုယ်စားလှယ် (၁၃) ဦး နှင့် အမျိုးသမီးကိုယ်စားလှယ် (၃) ဦး တို့က တင်သွင်းခဲ့ပါသည်။ ယင်းအဆို (၁၆) ခုအပေါ် ဝိုင်းဝန်း ဆွေးနွေးကြသူ အမျိုးသားကိုယ်စားလှယ် (၁၆၄) ဦး၊ အမျိုးသမီးကိုယ်စားလှယ် (၃၃) ဦးတို့ ဖြင့် စုစုပေါင်း (၁၉၇) ဦးတို့ဆွေးနွေးခဲ့ကြပါ သည်။

**အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုနိုင်ငံရေးကို လေ့လာခြင်း**

၁၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးအတွင်း တင်သွင်းအဆို (၆) ခုရှိခဲ့သည်။ အတည်ပြုအဆို (၂) ခု၊ အတည်မပြုအဆို (၁) ခု၊ မှတ်တမ်းတင်အဆို (၂) ခုနှင့် ရုပ်သိမ်းအဆို (၁) ခုအနက် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ အတည်ပြုအဆို (၂) ခု၊ ရခိုင်အမျိုးသားပါတီအတည်မပြုအဆို (၁) ခု၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ မှတ်တမ်းတင်အဆို (၂) ခု၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ရုပ်သိမ်းအဆို (၁) ခုရှိခဲ့သည်။ အရေးကြီးတင်သွင်းအဆို (၆) ခု အနက် အတည်ပြုအဆို (၄) ခုနှင့်မှတ်တမ်းတင်အဆို(၂)ခုရှိခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အရေးကြီးအတည်ပြုအဆို (၂) ခု၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အရေးကြီးအတည်ပြု အဆို(၁)ခု၊ ရှမ်းတိုင်းရင်းသားဒီမိုကရက်တစ်ပါတီ အရေးကြီးအတည်ပြုအဆို (၁) ခု၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအရေးကြီးအဆိုမှတ်တမ်းတင်(၁)ခု၊ လီဆူးအမျိုးသား

ဖွံ့ဖြိုးတိုးတက်ရေးပါတီ အရေးကြီးအဆိုမှတ်တမ်းတင် (၁) ခု ရှိခဲ့ပါသည်။ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးအတွင်း တင်သွင်းအဆို (၁၄) ခုရှိခဲ့သည်။ အတည်ပြုအဆို (၃) ခု၊ အတည်မပြုအဆို (၁) ခု၊ မှတ်တမ်းတင်အဆို (၉) ခု နှင့် ဆက်လက်ဆွေးနွေးရန်မသင့်သည့် အဆို (၁) ခုအနက် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ အတည်ပြုအဆို (၂) ခု ရခိုင်အမျိုးသားပါတီအတည်မပြုအဆို(၁)ခု၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ မှတ်တမ်းတင်အဆို (၂) ခု၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ ရုပ်သိမ်းအဆို (၁) ခုရှိခဲ့သည်။ အရေးကြီးတင်သွင်းအဆို (၆) ခုအနက် အတည်ပြုအဆို (၄) ခုနှင့် မှတ်တမ်းတင် အဆို(၂)ခုရှိခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အရေးကြီး အတည်ပြုအဆို (၂) ခု၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအရေးကြီးအတည်ပြုအဆို(၁)ခု၊ ရှမ်းတိုင်းရင်းသားဒီမိုကရက်တစ်ပါတီ အရေးကြီးအတည်ပြု အဆို(၁)ခု၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အရေးကြီးအဆိုမှတ်တမ်းတင် (၁)ခု၊ လီဆူးအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ အရေးကြီးအဆိုမှတ်တမ်းတင် (၁) ခု ရှိခဲ့ပါသည်။

**ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေးမှဒုတိယပုံမှန်အစည်းအဝေးထိ အဆိုတင်သွင်းမှု ကိုလေ့လာခြင်း-**

| စဉ် | အကြောင်းအရာ | တင်သွင်းအဆို | အတည်ပြုအဆို | အတည်မပြုအဆို | မှတ်တမ်းတင် | ရုပ်သိမ်း | ဆက်လက်ဆွေးနွေးရန်မသင့်အဆို |
|---|---|---|---|---|---|---|---|
| ၁။ | ပထမပုံမှန်အစည်းအဝေး (ရိုးရိုး) | ၆ | ၂ | ၁ | ၂ | ၁ | - |
| ၂။ | ဒုတိယပုံမှန်အစည်းအဝေး (ရိုးရိုး) | ၁၄ | ၃ | ၁ | ၉ | - | ၁ |
| | **စုစုပေါင်း** | **၂၀** | **၅** | **၂** | **၁၁** | **၁** | **၁** |

၁၅။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် တင်သွင်းအဆို (၆) ခု အနက် အတည်ပြုအဆို (၂) ခု၊အတည် မပြုအဆို (၁) ခု၊နှင့် မှတ်တမ်းတင်အဆို (၂) ခု၊ ရုပ်သိမ်း (၁)ခုရှိခဲ့ပါသည်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်း အဆို (၁၄) ခုအနက် အတည်ပြုအဆို (၃) ခု၊ အတည်မပြုအဆို (၁) ခု၊နှင့် မှတ်တမ်းတင်အဆို (၉) ခု၊ ဆက်လက်ဆွေးနွေးရန်မသင့်သည့်အဆို (၁)ခုရှိခဲ့ပါသည်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် အရေးကြီးအဆိုကို လေ့လာခြင်း**

| စဉ် | အကြောင်းအရာ | တင်သွင်း အဆို | အတည်ပြု အဆို | အတည်မပြု အဆို | မှတ်တမ်းတင် |
|---|---|---|---|---|---|
| ၁။ | ပထမပုံမှန်အစည်းအဝေး (အရေးကြီး) | ၆ | ၄ | - | ၂ |
| ၂။ | ဒုတိယပုံမှန်အစည်းအဝေး(အရေးကြီး) | ၂ | ၁ | ၁ | - |
| | **စုစုပေါင်း** | **၈** | **၅** | **၁** | **၂** |

၁၆။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် အရေးကြီးအဆို (၆) ခု အနက် အတည်ပြုအရေးကြီးအဆို (၄) ခုနှင့် မှတ်တမ်းတင်အရေးကြီးအဆို (၂) ခုရှိခဲ့ပါသည်။ အတည်မပြုအရေးကြီးအဆိုမရှိပါ။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တွင် အရေးကြီးအဆို (၂) ခုအနက် အတည်ပြုအရေးကြီးအဆို (၁) ခုနှင့် အတည်မပြု အရေးကြီး အဆို (၁) ခုရှိခဲ့ပါသည်။

**ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေးမှ ဒုတိယပုံမှန်အစည်းအဝေးထိ အဆိုတင်သွင်းခဲ့သည့် အဆိုအရေအတွက်နှင့် ရက်အလိုက် ပျမ်းမျှအဆိုအရေအတွက် နှိုင်းယှဉ်ချက်**

၁၇။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒုတိယပုံမှန်အစည်းအဝေးထိအဆို တင်သွင်းခဲ့သည့်အဆို အရေအတွက်နှင့် ရက်အလိုက်ပျမ်းမျှအဆိုအရေအတွက် နှိုင်းယှဉ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| **စဉ်** | **ဒုတိယအကြိမ်ပြည်သူ့ လွှတ်တော် ပုံမှန်အစည်းအဝေးများ** | **တင်သွင်း အဆို အရေအတွက်** | **အစည်းအဝေး ကျင်းပသည့်ရက်ပေါင်း** | **တစ်ရက်ချင်း ပျမ်းမျှ အဆိုအရေအတွက်** |
|---|---|---|---|---|
| ၁။ | ပထမပုံမှန်အစည်းအဝေး | ၁၂ | ၄၃ | ၄ ↑ |
| ၂။ | ဒုတိယပုံမှန်အစည်းအဝေး | ၁၆ | ၄၇ | ၃ ↑ |

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးအတွင်း အဆိုပေါင်း ၁၂ ခု တင်သွင်းခဲ့ပြီး အစည်းအဝေးရက်ပေါင်း ၄၃ ရက်ရှိသည့်အတွက် အစည်းအဝေး ၄ ရက်တွင် အဆိုတစ်ခုနှုန်း တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးအတွင်း အဆိုပေါင်း ၁၆ ခုတင်သွင်းခဲ့ပြီး အစည်းအဝေးရက်ပေါင်း ၄၇ ရက်ရှိသည့်အတွက် အစည်းအဝေး ၃ ရက်တွင် အဆိုတစ်ခုနှုန်း တင်သွင်းခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးများတွင်အဆိုတင်သွင်း ဆွေးနွေးသော လွှတ်တော်ကိုယ်စားလှယ်များ**

၁၈။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် အဆိုတင်သွင်းဆွေးနွေးသော လွှတ်တော်ကိုယ်စားလှယ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| **စဉ်** | **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်** | **မဲဆန္ဒနယ်** | **ဝင်ရောက်ဆွေးနွေးသည့် အဆိုအရေအတွက်** |
|---|---|---|---|
| ၁ | ဦးစိုင်းထွန်းအောင် | ကျောက်မဲ | ၁ |
| ၂ | ဒေါက်တာမောင်သင်း | မိတ္ထီလာ | ၁ |
| ၃ | ဦးလဂန်ဇယ်ဂျူး | ဝိုင်းမော် | ၁ |
| ၄ | ဒေါ်ခင်စန်းလှိုင် | ပုလဲ | ၂ |
| ၅ | ဒေါက်တာစံရွှေဝင်း | ရေကြည် | ၁ |
| ၆ | ဒေါ်ခင်စောဝေ | ရသေ့တောင် | ၁ |
| ၇ | ဦးအာမိုးဆီ | ခေါင်လန်ဖူး | ၁ |
| ၈ | ဦးဖုံးတိန့် | ချီဖွေ | ၁ |
| ၉ | ဒေါ်ယဉ်မင်းလှိုင် | ဂန့်ဂေါ | ၁ |
| ၁၀ | ဒေါက်တာဒေါ်ခင်ညို | ဒေးဒရဲ | ၁ |
| ၁၁ | ဦးတင်မောင်ဝင်း | ဆိပ်ကမ်း | ၁ |
| | | **စုစုပေါင်း** | **၁၂** |

**ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေးတွင် အဆိုတင်သွင်းဆွေးနွေး သော လွှတ်တော်ကိုယ်စားလှယ်များ**

၁၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးများတွင် အဆိုတင်သွင်း ဆွေးနွေးသော လွှတ်တော်ကိုယ်စားလှယ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| **စဉ်** | **ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်** | **မဲဆန္ဒနယ်** | **ဝင်ရောက်ဆွေးနွေးသည့်အဆို အရေအတွက်** |
|---|---|---|---|
| ၁ | ဒေါက်တာဒေါ်အေဇင်လတ်(၁၇)ဦးဆွေးနွေး | ရွှေဘို | ၁ |
| ၂ | ဒေါ်ယဉ်မင်းလှိုင် (၁၁)ဦးဆွေးနွေး | ဂန့်ဂေါ | ၁ |
| ၃ | ဦးဇော်မင်းသိန်း (၁၄)ဦးဆွေးနွေး | လေးမျက်နှာ | ၁ |
| ၄ | ဒေါက်တာဦးသန်းဝင်း (၅၂)ဦးဆွေးနွေး | မြောက်ဥက္ကလာပ | ၁ |
| ၅ | ဒေါ်ခင်နှင်းသစ် (၂၅)ဦးဆွေးနွေး | ပန်းတောင်း | ၁ |
| ၆ | ဦးကျော်ငွေ (၁၈)ဦးဆွေးနွေး | လေရှီး | ၁ |
| ၇ | ဒေါက်တာလှမိုး (၁၆+၁၁)ဦးဆွေးနွေး | အောင်မြေသာစံ | ၂ |
| ၈ | ဦးတင်ထွေး (၃၂)ဦးဆွေးနွေး | ဝေါ | ၁ |
| ၉ | ဦးသန်းစိုး | သာစည် | ၁ |
| ၁၀ | ဦးအောင်ကျော်ဇံ (၃၅)ဦးဆွေးနွေး | ပေါက်တော | ၁ |
| ၁၁ | ဦးနေဖူးဗဆွေ (၅၉)ဦးဆွေးနွေး | ပန်းဘဲတန်း | ၁ |
| ၁၂ | ဦးကျော်အောင်လွင် (၂၃)ဦးဆွေးနွေး | စေတုတ္တရာ | ၁ |
| ၁၃ | ဦးသန်းညွန့် (၁၄)ဦးဆွေးနွေး | ဖြူး | ၁ |
| ၁၄ | ဦးငွေဝင်းအောင်(ခ)ဦးပြုံးချို(၁၇)ဦးဆွေးနွေး | ဒေါပုံ | ၁ |
| ၁၅ | ဒေါက်တာမောင်သင်း (၁၉)ဦးဆွေးနွေး | မိတ္ထီလာ | ၁ |
| | **စုစုပေါင်း** | | ၁၆ |

**ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေးမှ ဒုတိယပုံမှန်အစည်းအဝေးထိ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုနိုင်ငံရေး ပါတီကို လေ့လာခြင်း**

၂၀။ ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေးမှ ဒုတိယပုံမှန်အစည်းအဝေးထိ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုနိုင်ငံရေး ပါတီများမှာ-

| စဉ် | ပါတီအမည် | ပထမ အကြိမ် | ရာခိုင်နှုန်း | ဒုတိယအကြိမ် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် | ၇ ဦး | ၅၈.၃၃% | ၁၃ ဦး<br>ဝိုင်းဝန်းဆွေးနွေး =၁၅၁ဦး | ၇၆.၆၄% |
| ၂။ | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ | ၂ ဦး | ၁၆.၆၅% | ၁ ဦး<br>ဝိုင်းဝန်းဆွေးနွေး = ၉ ဦး | ၄.၅၇% |
| ၃။ | ရခိုင်အမျိုးသားပါတီ | ၁ ဦး | ၈.၃၄% | ၁ ဦး<br>ဝိုင်းဝန်းဆွေးနွေး =၁၀ ဦး | ၅.၀၇% |
| ၄။ | ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် | ၁ ဦး | ၈.၃၄% | ဝိုင်းဝန်းဆွေးနွေး =၃ ဦး | ၁.၅၂% |
| ၅။ | လီဆူးအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ | ၁ ဦး | ၈.၃၄% | ဝိုင်းဝန်းဆွေးနွေး =၂ ဦး | ၁.၀၂% |
| ၆။ | ပအိုဝ်းအမျိုးသား အဖွဲ့ချုပ်ပါတီ | - | - | ဝိုင်းဝန်းဆွေးနွေး =၁ ဦး | ၀.၅၁% |
| ၇။ | ကိုးကန့်ဒီမိုကရေစီ နှင့်ညီညွတ်ရေးပါတီ | - | - | ဝိုင်းဝန်းဆွေးနွေး =၁ ဦး | ၀.၅၁% |
| ၈။ | တစ်သီးပုဂ္ဂလ | - | - | ဝိုင်းဝန်းဆွေးနွေး =၁ ဦး | ၀.၅၁% |
| ၉။ | တပ်မတော်သား ကိုယ်စားလှယ် | - | - | ဝိုင်းဝန်းဆွေးနွေး =၁၉ ဦး | ၉.၆၅% |
| | **စုစုပေါင်း** | **၁၂ ဦး** | **၁၀၀%** | ၁၅ ဦး<br>**ဝိုင်းဝန်းဆွေးနွေး=၁၉၇ ဦး** | **၁၀၀%** |

**ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေးမှ ဒုတိယပုံမှန်အစည်းအဝေးထိ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ တိုင်းရင်းသားဖြစ်မှုကို လေ့လာခြင်း**

၂၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင်တင်သွင်းခဲ့သည့် အဆို ၁၂ ခု ကို တိုင်းရင်းသား (၄) မျိုးမှ တင်သွင်းခဲ့ခြင်းဖြစ်ပါသည်။ ဗမာတိုင်းရင်းသားကိုယ်စားလှယ်များ အများဆုံးဖြစ်သည့် အဆို (၇) ခုကို တင်သွင်းခဲ့ခြင်းဖြစ်သည်။ ရခိုင်တိုင်းရင်းသား ကိုယ်စားလှယ်(၁) ခု ၊ ကချင်တိုင်းရင်းသားကိုယ်စားလှယ် (၂) ခု ၊ ရှမ်းတိုင်းရင်းသား ကိုယ်စားလှယ်(၂) ခုများက တင်သွင်းခဲ့ပါသည်။

ဒုတိယပုံမှန် အစည်းအဝေးတွင် တင်သွင်းခဲ့ သည့် အဆို ၁၆ ခုကို တိုင်းရင်းသား (၈) မျိုး တင်သွင်းခဲ့ခြင်း ဖြစ်ပါသည်။ ဗမာတိုင်းရင်းသားကိုယ်စားလှယ်များ အများဆုံးဖြစ်သည့် အဆို (၁၃) ခုကို ဝိုင်းဝန်းဆွေးနွေးကိုယ်စားလှယ် (၁၄၅) ဦး တင်သွင်းဆွေးနွေးခဲ့ပါ သည်။ ချင်းတိုင်းရင်းသား ကိုယ်စားလှယ် အဆို (၁) ခုကို ဝိုင်းဝန်းဆွေးနွေးကိုယ်စားလှယ် (၉) ဦး၊ ရခိုင်တိုင်းရင်းသား အဆို (၁) ခုကို ဝိုင်းဝန်းဆွေးနွေးကိုယ်စားလှယ် (၁၆) ဦး၊ ကယားတိုင်းရင်းသား ဝိုင်းဝန်း ဆွေးနွေး ကိုယ်စားလှယ် (၅) ဦး ၊ ကချင်တိုင်းရင်းသား ဝိုင်းဝန်းဆွေးနွေးကိုယ်စားလှယ် (၄) ဦး၊ ရှမ်းတိုင်းရင်းသား ဝိုင်းဝန်းဆွေးနွေးကိုယ်စားလှယ် (၁၁) ဦး၊ ကရင်တိုင်းရင်းသား ဝိုင်းဝန်း ဆွေးနွေးကိုယ်စားလှယ် (၅) ဦး၊ မွန်တိုင်းရင်းသား ဝိုင်းဝန်းဆွေးနွေးကိုယ်စားလှယ် (၂) ဦး စသည် ကိုယ်စားလှယ်အသီးသီးတို့က တင်သွင်း ဆွေးနွေးခဲ့ပါသည်။

**ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်ပထမပုံမှန်အစည်းအဝေးနှင့်ဒုတိယပုံမှန်အစည်းအဝေးအတွင်း တိုင်းရင်းသားအလိုက် အဆိုတင်သွင်းမှုအခြေအနေ**

| တိုင်းရင်းသား | ပထမပုံမှန် အစည်းအဝေး | ရာခိုင်နှုန်း | ဒုတိယပုံမှန် အစည်းအဝေး | ရာခိုင်နှုန်း |
|---|---|---|---|---|
| ဗမာ | ၇ဦး | ၅၈% | **၁၃ဦး** ဝိုင်းဝန်းဆွေးနွေး=၁၄၅ဦး | ၇၃.၆၀ % |
| ရခိုင် | ၁ဦး | ၈% | **၁ဦး** ဝိုင်းဝန်းဆွေးနွေး= ၁၆ဦး | ၈.၁၂ % |
| ရှမ်း | ၂ဦး | ၁၇% | ဝိုင်းဝန်းဆွေးနွေး = ၁၁ဦး | ၅.၅၈ % |
| ကချင် | ၂ဦး | ၁၇% | ဝိုင်းဝန်းဆွေးနွေး = ၄ဦး | ၂.၀၃ % |
| ကရင် | - | - | ဝိုင်းဝန်းဆွေးနွေး = ၅ဦး | ၂.၅၄ % |
| ကယား | - | - | ဝိုင်းဝန်းဆွေးနွေး = ၅ဦး | ၂.၅၄ % |
| ချင်း | - | - | **၁ဦး** ဝိုင်းဝန်းဆွေးနွေး = ၉ဦး | ၄.၅၇ % |
| မွန် | - | - | ဝိုင်းဝန်းဆွေးနွေး = ၂ဦး | ၁.၀၂ % |
| **စုစုပေါင်း** | **၁၂ဦး** | **၁၀၀%** | **၁၅ဦး** ဝိုင်းဝန်းဆွေးနွေး= ၁၉၇ဦး | **၁၀၀ %** |

**ပြည်သူ့လွှတ်တော်၊ဒုတိယအကြိမ်ပထမပုံမှန်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ အရေးကြီးအဆိုတင်သွင်းခြင်း နှင့် အတည်ပြုခြင်းစာရင်း**

၂၂။ ပြည်သူ့လွှတ်တော်၊ဒုတိယအကြိမ်ပထမပုံမှန်အစည်းအဝေးတွင်လွှတ်တော်ကိုယ်စားလှယ်များ၏ အရေးကြီးအဆိုတင်သွင်းခြင်းနှင့် အတည်ပြုခြင်းစာရင်းများမှာ-

| စဉ် | တင်သွင်းသူအမည်နှင့် မဲဆန္ဒနယ် | အဆိုအကြောင်းအရာ | မှတ်ချက် |
|---|---|---|---|
| ၁။ | ဦးစိုင်းထွန်းအောင်<br>ကျောက်မဲ<br>**ဝိုင်းဝန်းဆွေးနွေး(၁၀)ဦး**<br>**တပ်မတော်သား(၂)ဦး**<br>၁၆-၂-၂၀၁၆<br>၁၇-၂-၂၀၁၆ | ပင်လောင်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကျောက်မဲမြို့နယ် ဒေသအတွင်းဖြစ်ပွားနေသော တိုက်ပွဲများကြောင့် ဆရာ/ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘပြည်သူများ ဒုက္ခများ စွာကြုံတွေ့နေရပါသဖြင့် အမြန်ဆုံး တိုက်ပွဲများ ရပ်ဆိုင်းနိုင်ရေးနှင့် စစ်ဘေးရှောင် ပြည်သူများ၏ လူမှုဒုက္ခများအား အမြန်ဆုံးဖြေရှင်း ဆောင်ရွက်နိုင်ပါရန် နိုင်ငံတော်အစိုးရအားတိုက်တွန်းကြောင်း အရေးကြီး အဆို။ | အရေးကြီး<br>အဆို<br>အတည်ပြု |
| ၂။ | ဒေါက်တာမောင်သင်း<br>မိတ္ထီလာ<br>**ဝိုင်းဝန်းဆွေးနွေး(၂၈)ဦး**<br>**တပ်မတော်သား(၂)ဦး**<br>၂၂-၂-၂၀၁၆<br>၂၃-၂-၂၀၁၆ | ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာခြင်းနှင့် ၂၀၁၆ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် အယ်လ်နီညို (EI Nino) အကျိုးသက်ရောက်မှုကြောင့် မြန်မာနိုင်ငံတစ်ဝှမ်း ဖြစ်ပေါ်လာနိုင်သောသဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်စီမံဆောင်ရွက်နိုင်ရေး နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းပါဝင်ဆောင်ရွက် ရေးကို ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆို "မူးယစ်ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးတွင် ပြည်သူလူထု ပါဝင်လာမှုအပေါ် ကြိုဆိုထောက်ခံရန်နှင့် ဟန့်တားနှောင့်ယှက် သူများ၏ အန္တရာယ်မှကာကွယ်ပေးရန်အပြင် ထိရောက်သော ကူညီ | အရေးကြီး<br>အဆို<br>အတည်ပြု |

| စဉ် | တင်သွင်းသူအမည်နှင့် မဲဆန္ဒနယ် | အဆိုအကြောင်းအရာ | မှတ်ချက် |
|---|---|---|---|
| | | ပံ့ပိုးမှုများကိုအမြန်ဆုံးဆောင်ရွက်ပေးပါရန်ပြည်ထောင်စု အစိုးရအဖွဲ့သို့ ဤလွှတ်တော်က တိုက်တွန်းကြောင်း" အရေးကြီး အဆို။ | |
| ၃။ | ဦးလဂန်ဇယ်ဂျုံး<br>ဝိုင်းမော်<br>**ဝိုင်းဝန်းဆွေးနွေး(၂၀)ဦး**<br>**တပ်မတော်သား(၃)ဦး**<br>၂၄-၂-၂၀၁၆<br>၂၅-၂-၂၀၁၆ | "မူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေးတွင် ပြည်သူလူထု ပါဝင်လာမှုအပေါ် ကြိုဆိုထောက်ခံရန်နှင့်ဟန့်တား နှောင့် ယှက်သူများ၏ အန္တရာယ်မှကာကွယ်ပေးရန် အပြင်ထိရောက် သော ကူညီပံ့ပိုးမှုများကို အမြန်ဆုံးဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဤလွှတ်တော်က တိုက်တွန်း ကြောင်း" အရေးကြီးအဆို။ | အရေးကြီး အဆို အတည်ပြု |
| ၄။ | ဒေါ်ခင်စန်းလှိုင်<br>ပုလဲ<br>**ဝိုင်းဝန်းဆွေးနွေး(၁၆)ဦး**<br>၂၅-၂-၂၀၁၆<br>၂၆-၂-၂၀၁၆ | "နိုင်ငံတော်အစိုးရက ရွေးကောက်ပွဲပြီးနောက်ပိုင်း ဆောင် ရွက်နေသော နိုင်ငံပိုင်မြေ၊ နိုင်ငံပိုင်စက်ရုံများ၊ နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများ အလျင်စလိုငှားရမ်း ရောင်းချ လွှဲပြောင်းမှု၊ ပုဂ္ဂလိကပိုင်ပြုလုပ်မှု၊ စီမံကိန်းများကို နေရာ တကျမစီမံဘဲ အဆောတလျင်ခွင့်ပြုနေမှု၊ ကျူးကျော်များ ကို အဓမ္မဖယ်ရှားမှု၊ နိုင်ငံပိုင်သယံဇာတ များကို လိုအပ်သောဆောင်ရွက်မှုများ၊ သဘောတူညီနိုင်းမှု များ မပြုလုပ်ဘဲ အစိုးရတာဝန် မလွှဲပြောင်းမီအလျင်မြန် စီမံခန့်ခွဲနေမှု စသည်တို့ကို နိုင်ငံတော်နှင့်နိုင်ငံသားတို့ အကျိုးအတွက် အသေးစိတ်စိစစ်ဟန့်တား၍ထိန်းကျောင်း တည့်မတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်း" အရေးကြီးအဆို။ | အရေးကြီး အဆို အတည်ပြု |

| စဉ် | တင်သွင်းသူအမည်နှင့် မဲဆန္ဒနယ် | အဆိုအကြောင်းအရာ | မှတ်ချက် |
|---|---|---|---|
| ၅။ | ဒေါက်တာစံရွှေဝင်း<br>ရေကြည်<br>**ပိုင်းဝန်းဆွေးနွေး(၅)ဦး**<br>**တပ်မတော်သား(၂)ဦး**<br>၄-၅-၂၀၁၆<br>၁၂-၅-၂၀၁၆ | ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗိုလ်ချုပ်လမ်းနှင့် ပြည်လမ်းထောင့်ရှိ ကျန်းမာရေးဝန်ကြီးဌာနပိုင်မြေကို ပွင့်လင်းမြင်သာမှု မရှိဘဲ အများပြည်သူတို့၏ အကျိုးစီးပွား ကို ဖော်ဆောင်ခြင်းမရှိသော ပုဂ္ဂလိကဆေးရုံးသစ် တည်ဆောက်ရန် ငှားရမ်းပေးခြင်းအား ရပ်ဆိုင်း ပေးပါရန် အဆို။ | အတည်ပြု |
| ၆။ | ဦးတင်မောင်ဝင်း<br>ဆိပ်ကမ်း<br>**ပိုင်းဝန်းဆွေးနွေး(၅)ဦး**<br><br>၃-၆-၂၀၁၆<br>၈-၆-၂၀၁၆ | ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်းနှင့် ဗိုလ်အောင် ကျော် တံတားအကြား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ပိုင်ဆိုင်သော မြေဧရိယာ ဧက (၂၀) ခန့်ကို အသုံးပြု၍ ကောင်းမြန်မာအောင် သင်္ဘောကုမ္ပဏီမှ MIC ခွင့်ပြုချက် ဖြင့် စာချုပ်ချုပ်ဆိုခဲ့ပြီး တည်ဆောက်ရေး လုပ်ငန်းများ စတင်အကောင်အထည်ဖော်ရန် ဆောင်ရွက် နေခြင်းအား ဆက်လက်ဆောင်ရွက်ပါက ဗိုလ်တထောင်ကမ်းနား တစ်လျှောက် သောင်ထွန်းမှုတောက်လျှောက်ဖြစ်ပေါ်လာ နိုင်ခြင်း၊ သင်္ဘောရေလမ်းကြောင်း ပိတ်ဆို့နိုင်စေခြင်း၊ ဗိုလ်တထောင်သမိုင်းဝင်စေတီတော်၏ အဆောက်အဦများ စိုးရိမ်ဖွယ်ဖြစ်ခြင်း၊ ဘုရားဝတ်ပြုသူတို့အား တုန်ခါမှု ဆူညံသံများဖြစ်စေကြောင်း၊ ရန်ကုန်ကမ်းနားလမ်း တစ်လျှောက် Container ကားများ ပိတ်ဆို့နိုင်စေခြင်း စသည်တို့ကြောင့် အဆိုပါစီမံကိန်းအား ရပ်ဆိုင်းပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို။ | အတည်ပြု |

## ပြည်သူ့လွှတ်တော်၊ဒုတိယအကြိမ်ပထမပုံမှန်အစည်းအဝေးတွင် အတည်မပြုသည့် အဆိုများ

၂၃။ ပြည်သူ့လွှတ်တော်၊ဒုတိယအကြိမ်ပထမပုံမှန်အစည်းအဝေးတွင် အတည် မပြုသည့် အဆိုများ

| စဉ် | တင်သွင်းသူအမည်နှင့်မဲဆန္ဒနယ် | အဆိုအကြောင်းအရာ | မှတ်ချက် |
|---|---|---|---|
| ၁။ | ဒေါ်ခင်စောဝေ<br>ရသေ့တောင်<br>**ဝိုင်းဝန်းဆွေးနွေး(၆)ဦး**<br><br>၆-၅-၂၀၁၆<br>၂၀-၅-၂၀၁၆ | ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေအရ နိုင်ငံသားပြဿနာများကို မြန်မာနိုင်ငံတစ်ဝှမ်းတွင် ၎င်းဥပဒေနှင့်အညီထိရောက်စွာ စိစစ်ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆို။ | အတည်မပြု |

## ပြည်သူ့လွှတ်တော်၊ဒုတိယအကြိမ်ပထမပုံမှန်အစည်းအဝေးတွင် ရုပ်သိမ်းသည့် အဆိုများ

၂၄။ ပြည်သူ့လွှတ်တော်၊ဒုတိယအကြိမ်ပထမပုံမှန်အစည်းအဝေးတွင်ရုပ်သိမ်းသည့် အဆိုများ-

| စဉ် | တင်သွင်းသူအမည်နှင့်မဲဆန္ဒနယ် | အဆိုအကြောင်းအရာ | မှတ်ချက် |
|---|---|---|---|
| ၁။ | ဒေါ်ယဉ်မင်းလှိုင်<br>ဂန့်ဂေါ<br>၂၇-၅-၂၀၁၆ | "တောင်သူလယ်သမားတို့၏ ကာယလုပ်အား၊ ချွေးတို့ဖြင့် အပင်ပန်းအဆင်းရဲခံပြီး စိုက်ပျိုးထွက်ရှိလာသော ထောပတ်လယ်သမားများ ထိခိုက်နစ်နာမှုမရှိစေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက ထိန်းကျောင်းကွပ်ကဲ၍ ရသင့်ရထိုက်သော အခြေခံအနိမ့်ဆုံးဈေးနှုန်းများကို နှစ်အလိုက် သတ်မှတ်ထုတ်ပြန်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း" အရေးကြီးအဆို | **ရုပ်သိမ်း** |

## ပြည်သူ့လွှတ်တော်၊ဒုတိယအကြိမ်ပထမပုံမှန်အစည်းအဝေးတွင်အရေးကြီးအဆိုမှတ်တမ်းတင်နှင့်မှတ်တမ်းတင်အဆို

၂၅။ ပြည်သူ့လွှတ်တော်၊ဒုတိယအကြိမ်ပထမပုံမှန်အစည်းအဝေးတွင်အရေးကြီးအဆိုမှတ်တမ်းတင် နှင့်မှတ်တမ်းတင်အဆိုများမှာ-

| စဉ် | တင်သွင်းသူအမည်နှင့်မဲဆန္ဒနယ် | အဆိုအကြောင်းအရာ | မှတ်ချက် |
|---|---|---|---|
| ၁။ | ဒေါ်ခင်စန်းလှိုင်<br>ပုလဲ<br>၅-၅-၂၀၁၆<br>၁၆-၅-၂၀၁၆ | ထိန်းသိမ်းပြုပြင်ရန် နောက်ကျလျှက်ရှိသဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ခြိမ်းခြောက်နေသော မကွေးတိုင်း ဒေသကြီး၊ မုန်းချောင်းတစ်လျှောက်ရှိ မုန်းတမံနှင့် ကျီးအုံကျီးဝ တမံပျက်စီးမှုများနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နယ်စပ်၊ ရာဇဂြိုလ်ဆည်အထက်ရှိ သဘာဝမြေပြိုကန်တို့ အတွက် ယခုလာမည့် မိုးရာသီမတိုင်မီ အမြန်ဆုံးလုပ်ဆောင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို။ | မှတ်တမ်းတင် |
| ၂ | ဦးအာမိုးဆီ<br>ခေါင်လန်ဖူး<br>၂၆-၅-၂၀၁၆<br>၂၆-၅-၂၀၁၆ | ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ခေါင်လန်ဖူးမြို့နယ်တွင် ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈)ရက်နေ့မှစ၍ ယခုအထိ အဆက်မပြတ်ရွာသွန်းနေသောမိုးကြောင့် နေအိမ်များပြိုပျက်ခြင်း၊ မြေပြိုမှုကြောင့် စိုက်ပျိုးမြေနှင့် စိုက်ပျိုးသီးနှံများပျက်စီးဆုံးရှုံးရခြင်း၊ ခရီးလမ်းပန်းအဆက်အသွယ်ပြတ်တောက်ခြင်းနှင့်မိုးကြိုးကြောင့် ဆက်သွယ်ရေးကိရိယာများပျက်စီးခြင်းတို့ကြောင့် ခေါင်လန်ဖူ မြို့နယ်ရှိ အစိုးရဝန်ထမ်း မြို့နယ်သူ/သားများ စားနပ်ရိက္ခာဆိုးဝါးစွာပြတ်တောက်မှုနှင့် နေထိုင်ရေး ပြဿနာများကို ဆောလျင်စွာ ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရနှင့် ကချင်ပြည်နယ်အစိုးရတို့အား | အရေးကြီးအဆို မှတ်တမ်းတင် |

| | | | |
|---|---|---|---|
| | | တိုက်တွန်းကြောင်း အရေးကြီးအဆို | |
| ၃ | ဦးဇုံးတိန့်<br>ချီဖွေ<br>၂၆-၅-၂၀၁၆<br>၂၆-၅-၂၀၁၆ | ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပျက်စီးသွားသော ချီဖွေမြို့နယ်နှင့် ဆော့လော်မြို့နယ် ဆက်သွယ်ဖောက်လုပ်ထားသည့် ဇီမော်-ကန်းဖန့်-လန်ဆယ် ဒေသဖွံ့ဖြိုးရေးလမ်းမကြီး အမြန်ပြန်လည်ဖောက်လုပ်ပေးနိုင်ပါရန် အရေးကြီးအဆို | အရေးကြီးအဆို မှတ်တမ်းတင် |
| ၄ | ဒေါက်တာဒေါ်ခင်ညို<br>ဒေးဒရဲ<br>ဝိုင်းဝန်းဆွေးနွေး(၉)ဦး<br>တပ်မတော်သား(၂)ဦး<br>၃၀-၅-၂၀၁၆<br>၇-၆-၂၀၁၆ | ဧရာဝတီတိုင်းဒေသကြီး၊ ဒေးဒရဲမြို့နယ်အတွင်းရှိ ပင်လယ်ကမ်းခြေတွင် ဒီရေတောများဖွံ့စည်းပေးရန်အတွက် ပြည်ထောင်စုအစိုးရ အား တိုက်တွန်းကြောင်းအဆို။ | မှတ်တမ်းတင် |

**ပြည်သူ့လွှတ်တော်၊ဒုတိယအကြိမ် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့်အဆိုများ**

၂၆။ ပြည်သူ့လွှတ်တော်၊ ဒုတိယအကြိမ် ဒုတိယပုံမှန်အစည်းအဝေးတွင် တင်သွင်းခဲ့သည့် အဆိုများမှာ-

| စဉ် | တင်သွင်းသူအမည်နှင့်မဲဆန္ဒနယ် | အဆိုအကြောင်းအရာ | မှတ်ချက် |
|---|---|---|---|
| ၁။ | ဒေါက်တာအေဇင်လတ်<br>ရွှေဘို(၁၇ဦး)<br>၆-၄-၂၀၁၆ | ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ပြည်သူလူထုအား ထိရောက်လုံလောက်စွာပေးနိုင်ရန် ပြည်သူ့ကျန်းမာရေးဦးစီးဌာနကို တိုးချဲ့ပြင်ဆင် ဖွဲ့စည်းသင့်ကြောင်း ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆို။ | မှတ်တမ်းတင် |
| ၂။ | ဒေါ်ယဉ်မင်းလှိုင်<br>ဂန့်ဂေါ(၁၁ဦး) | မကွေးတိုင်းဒေသကြီး အနောက်ပိုင်းရှိ သစ်တောပြုန်းတီးမှုများနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများ | မှတ်တမ်းတင် |

| | | | |
|---|---|---|---|
| | **ပိုင်းဝန်းဆွေးနွေး(၉)ဦး**<br>**တပ်မတော်သား(၂)ဦး**<br>၆-၅-၂၀၁၆ | အား ထိန်းသိမ်း စောင့်ရှောက်ပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆို။ | |
| ၃။ | ဦးဇော်မင်းသိန်း<br>လေးမျက်နှာ(၁၄ဦး)<br>**ပိုင်းဝန်းဆွေးနွေး(၁၂)ဦး**<br>**တပ်မတော်သား(၂)ဦး**<br>၁၂-၅-၂၀၁၆ | ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်နှင့်ငဝန်မြစ်အား ကာရံထားသော ရေကာတာများအား ယခုရောက်ရှိမည့် မိုးရာသီတွင် ပြည်သူများစိုးရိမ်ပူပန်မှုမရှိအောင် ကြိုတင်အစီအမံများ ချမှတ်ဆောင်ရွက်ထားရှိရေးနှင့် လာမည့်ပွင့်လင်း ရာသီတွင် တာတမံများကြံ့ခိုင်မှုရှိရန် ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို။ | မှတ်တမ်းတင် |
| ၄။ | ဒေါက်တာသန်းဝင်း<br>မြောက်ဥက္ကလာပ<br>(၅၂ဦး)<br>**ပိုင်းဝန်းဆွေးနွေး(၅၀)ဦး**<br>**တပ်မတော်သား(၂)ဦး**<br>၂-၆-၂၀၁၆ | နိုင်ငံအဝန်း အဂတိလိုက်စားမှုများ ထင်ရှားသိသာစွာကျဆင်းလျော့ပါးရေးအတွက် ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးရေး ပြည်ထောင်စု အစိုးရသို့ တိုက်တွန်း ကြောင်းအဆို။ | အတည်ပြု |
| ၅။ | ဒေါ်ခင်နှင်းသစ်<br>ပန်းတောင်း(၂၆ဦး)<br><br>**ပိုင်းဝန်းဆွေးနွေး(၂၅)ဦး**<br>**တပ်မတော်သား(၁)ဦး**<br>၁၀-၆-၂၀၁၆ | "အစိုးရသစ်၏လုပ်ငန်းစဉ်တွင် ပါဝင်သော တရားဥပဒေစိုးမိုးရေး၊ ခိုင်မာသောနိုင်ငံတည်ဆောက်ရေးတို့အတွက် အဟန့်အတားအနှောင့်အယှက် ဖြစ်နေသောကြောင့် မူခင်းကျဆင်း ရေးကို အမြန်ဆုံးဖော်ဆောင်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"အဆို။ | မှတ်တမ်းတင် |

| | | | |
|---|---|---|---|
| ၆။ | ဦးကျော်ငွေး<br>လေရှီး(၁၈ဦး )<br>**ဝိုင်းဝန်းဆွေးနွေး(၁၇)ဦး**<br>**တပ်မတော်သား(၁)ဦး**<br>၁၃-၅-၂၀၁၆ | ကျေးလက်ဒေသ အခြေခံပညာကျောင်းများတွင် တာဝန်ထမ်းဆောင်နေသည့် ပညာရေးဝန်ထမ်းများ၏ ဝန်ထမ်းအိမ်ရာများကို ပြည်ထောင်စုအစိုးရ ဘတ်ဂျက်ဖြင့်ဆောက်လုပ်ပေး ရန်လိုအပ်ကြောင်းနှင့် အကယ်၍တစ်နိုင်ငံလုံးအတိုင်းအတာ အရခွင့်ပြုငွေချပေးရန်ခက်ခဲမည်ဆိုပါက ဖွံ့ဖြိုးမှုနောက်ကျ ပြီး အမှန်တကယ်လိုအပ်နေသည့် ဒေသများကိုစိစစ်ပြီး ဘတ်ဂျက်ခွင့်ပြုပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို။ | မှတ်တမ်း<br>တင်<br>စောင့်ကြည် |
| ၇။ | ဒေါက်တာလှမိုး<br>အောင်မြေသာစံ<br>(၁၆+၁၈)ဦး<br>**ဝိုင်းဝန်းဆွေးနွေး(၃၃)ဦး**<br>**တပ်မတော်သား(၁)ဦး**<br>၁၅-၅-၂၀၁၆ | နိုင်ငံတော်၏ ချမှတ်ထားသော ပညာရေးမူဝါဒနှင့်ဦးတည်ချက်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရန် အထောက်အပံ့ဖြစ်စေသော အခြေခံပညာအဆင့်သင်ကြားသင်ယူမှု ပညာရည်စစ်ဆေးတိုင်း တာခြင်းအကဲဖြတ်မှုပုံစံအတွက် မှန်ကန်သောမူဝါဒ တစ်ရပ်ချမှတ်ပေးပါရန်နှင့် ခိုင်ခိုင်မာမာ ကျင့်သုံးပေးပါရန်ပညာရေးဝန်ကြီးဌာနအား တိုက်တွန်းကြောင်း အဆို။ | မှတ်တမ်း<br>တင် |
| ၈။ | ဦးတင်ထွေး<br>ဝေါ(၃၂) ဦး<br>**ဝိုင်းဝန်းဆွေးနွေး(၃၀)ဦး**<br>**တပ်မတော်သား(၂)ဦး**<br>၃၀-၅-၂၀၁၆ | ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက်လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး တစ်ဧကအထွက်နှုန်း မြင့်မားလာစေရန် စိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်စေမည့် အစီအမံများအား ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် နိုင်ငံတော်အစိုးရ အား တိုက်တွန်းကြောင်းအဆို။ | အတည်ပြု |
| ၉။ | ဦးသန်းစိုး<br>သာစည် | အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအပေါ် စီးပွားရေးအရဒဏ်ခတ်ပိတ်ဆို့မှု ရုပ်သိမ်းရေးအတွက် နိုင်ငံတော် | **လက်ခံဆွေး<br>နွေးရန်** |

| | | | |
|---|---|---|---|
| | ၁၈-၅-၂၀၁၆ | အစိုးရက ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းကြောင်း အဆို။ | **မရှိကြောင်း ဆုံးဖြတ်** |
| ၁၀ ။ | ဒေါက်တာလှမိုး အောင်မြေသာစံ (၁၆ဦး) **ဝိုင်းဝန်းဆွေးနွေး(၁၅)ဦး** **တပ်မတော်သား(၁)ဦး** ၈-၈-၂၀၁၆ | "ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ အခန်း ၇ ပုဒ်မ ၂၁(ဂ) အရ ပြည်ထောင်စုအစိုးရမှ နိုင်ငံ့ဝန်ထမ်း မဟုတ်သည့် အဆင့် ဆင့်သော ကော်မရှင်အဖွဲ့ ခွဲဝင်များအတွက် ထိုက်သင့် သည့် လစဉ်ချီးမြှင့်ငွေနှင့် စရိတ်တို့အား ရရှိခံစားနိုင်ရန် သတ်မှတ်ထားခြင်းကို ပြန်လည်သုံးသပ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို" | အတည်ပြု |
| ၁၁။ | ဦးအောင်ကျော်ဇံ ပေါက်တော(၃၅ဦး) **ဝိုင်းဝန်းဆွေးနွေး(၃၁)ဦး** **တပ်မတော်သား(၄)ဦး** ၂၉-၈-၂၀၁၆ | နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ (၂၄/၈/၂၀၁၆) နေ့ သတင်းထုတ်ပြန်ချက်အရ ဖွဲ့စည်းသွားမည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်တွင် နိုင်ငံခြား သား (၃)ဦး ပါဝင်နေခြင်းသည် မိမိနိုင်ငံ၏ ပြည်တွင်း ရေး ပြဿနာကို နိုင်ငံတကာပြဿနာအဖြစ် ဖန်တီးရာ ရောက်စေပါသဖြင့် အဆိုပါကော်မရှင်တွင် ပြည်တွင်းမှ တတ်သိပညာရှင်များဖြင့်သာပါဝင်ဖွဲ့စည်းသင့်ပါကြောင်း နိုင်ငံတော်အစိုးရအား တိုက်တွန်းသည့် အရေးကြီး အဆို။ | အရေးကြီး အဆို အတည်မပြု |
| ၁၂။ | ဦးနေဖူးဗဆွေ ပန်းဘဲတန်း(၅၉ဦး) ၁၆-၈-၂၀၁၆ | "နိုင်ငံအတွင်းရှိ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးပါဝင်ပတ်သက်သူများ အားလုံးသည် E Government Website များနှင့် Mobile Application များမှတစ်ဆင့် ဌာနဆိုင်ရာ ဝန်ဆောင်မှု များနှင့် သတင်းအချက်အလက်များကို ရယူသုံးစွဲနိုင်ရေး အတွက် E-Government စနစ်များ ပိုမို ထိရောက် အောင်မြင်စွာ အရှိန်အဟုန်ဖြင့် အကောင်အထည် | မှတ်တမ်း တင် |

| | | | |
|---|---|---|---|
| | | ဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း" အဆို။ | |
| ၁၃။ | ဦးကျော်အောင်လွင်<br>စေတုတ္တရာ(၂၃ဦး)<br>**ဝိုင်းဝန်းဆွေးနွေး(၂၁)ဦး**<br>**တပ်မတော်သား(၂)ဦး**<br>၂၄-၈-၂၀၁၆ | မိမိနိုင်ငံအတွင်း အလုပ်အကိုင်ရှားပါးမှုနှင့် လုပ်ခလစာနည်းပါးမှုကြောင့် နိုင်ငံရပ်ခြားသို့ထွက်၍ အလုပ်လုပ်နေကြသော မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများမှ အလုပ်ရှင်များက ဥပဒေမဲ့ခိုင်းစေခြင်း၊ အနိုင်ကျင့်ခြင်း၊စော်ကားခြင်း၊ဖမ်းဆီးနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းပြုလုပ် နေမှုများအား နိုင်ငံတော်အစိုးရမှ နှစ်နိုင်ငံအစိုးရချင်း ချိတ်ဆက်၍ အမြန်ဆုံးထိရောက်စွာ ကူညီပံ့ပိုးကယ်တင် စောင့်ရှောက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်း ကြောင်းအဆို။ | မှတ်တမ်းတင် |
| ၁၄။ | ဦးသန်းညွန့်<br>ဖြူး(၁၄ဦး)<br>၁၉-၈-၂၀၁၆ | "မီးရထား သယ်ယူပို့ဆောင်ရေးကဏ္ဍကို ယခုထက်ပိုမိုရင်းနှီးမြှုပ်နှံပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် အဆင့်အတန်းမြှင့်တင်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို"။ | မှတ်တမ်းတင် |
| ၁၅<br>။ | ဦးငွေဝင်းအောင်<br>(ခ)ဦးပြုံးချို<br>ဒေါပုံ(၁၇ဦး)<br>**ဝိုင်းဝန်းဆွေးနွေး(၁၆)ဦး**<br>**တပ်မတော်သား(၁)ဦး**<br>၂၂-၉-၂၀၁၆ | "ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမိုမြှင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရန် လူ့အခွင့်အရေးချိုးဖောက်မှုကို အကာအကွယ်မပေးသည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့အား ထိရောက်စွာအရေးယူပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း" အရေးကြီးအဆို။ | **အရေးကြီးအဆို**<br>အတည်ပြု |
| ၁၆ | ဒေါက်တာမောင်သင်း<br>မိတ္ထီလာ(၁၉ဦး)<br>၂၉-၇-၂၀၁၆ | အခြေခံပညာရေးဥပဒေ ရေးဆွဲရာတွင် ကောင်းမွန်ပြည့်စုံပြီး လူထုသဘောထားအမြင်၊ အကြံဉာဏ်များနှင့် ပူးပေါင်းပါဝင်မှုများ ထင်ဟပ်သော ဥပဒေကောင်း | အတည်မပြု |

| | | | |
|---|---|---|---|
| | | တစ်ရပ်ပေါ်ထွန်းရေးအတွက် လူထုလူတန်းစား အလွှာစုံ ပါဝင်သော အခြေခံပညာရေး ဆွေးနွေးပွဲ အဆင့်ဆင့် ကိုကျင်းပရန် အစိုးရအား တိုက်တွန်းကြောင်းအဆို။ | |

**ပြည်သူ့လွှတ်တော်၊ ဒုတိယအကြိမ်ပထမပုံမှန်အစည်းအဝေး မှ ဒုတိယပုံမှန်အစည်းအဝေးအထိ အဆိုတင်သွင်းသော လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်စားပြုဒေသကို လေ့လာခြင်း**

၂၇။ ပြည်သူ့လွှတ်တော်၊ ဒုတိယအကြိမ်ပထမပုံမှန်အစည်းအဝေးအတွင်း တင်သွင်းခဲ့သည့် တင်သွင်းအဆို (၁၂) ခုကို ရန်ကုန်တိုင်းဒေသကြီး ၊ မကွေးတိုင်းဒေကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီးနှင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် ရခိုင်ပြည်နယ်တို့မှ လွှတ်တော်ကိုယ်စားလှယ်များမှ တင်သွင်းခဲ့ခြင်းဖြစ်သည်။ အဆိုအများစုကို ကချင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းအဆို (၃) ခု၊ စစ်ကိုင်းတိုင်းဒေသကြီး တင်သွင်းအဆို (၂) ခု၊ ရန်ကုန်တိုင်းဒေသကြီးတင်သွင်းအဆို(၁)ခု၊ မကွေးတိုင်းဒေသကြီး တင်သွင်းအဆို (၁) ခု၊ ရှမ်းပြည်နယ်တင်သွင်းအဆို (၁) ခုနှင့် ဧရာဝတီတိုင်းဒေသကြီး တင်သွင်း အဆို (၂) ခု၊ မန္တလေးတိုင်းဒေသကြီး တင်သွင်းအဆို (၁)ခု၊ ရခိုင်ပြည်နယ်မှ ကိုယ်စားလှယ်များက အဆို(၁)ခု တင်သွင်းခဲ့ကြသည်။

ဒုတိယပုံမှန် အစည်းအဝေး အတွင်းတင်သွင်းခဲ့သည့် တင်သွင်းအဆို (၁၆) ခုကို ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့မှ လွှတ်တော်ကိုယ်စားလှယ် များမှ တင်သွင်းခဲ့ခြင်းဖြစ်သည်။ အဆိုအများစုကို မန္တလေးတိုင်း လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းအဆို (၄) ခု၊ စစ်ကိုင်းတိုင်း ဒေသကြီးတင်သွင်းအဆို (၂) ခု၊ ရန်ကုန်တိုင်းဒေသကြီး တင်သွင်းအဆို(၃)ခု၊ မကွေးတိုင်းဒေသကြီး တင်သွင်းအဆို (၂) ခု၊ ပဲခူးတိုင်းဒေသကြီး တင်သွင်းအဆို (၃) ခုနှင့် ဧရာဝတီတိုင်းဒေသကြီး တင်သွင်းအဆို (၁) ခု၊ ရခိုင်ပြည်နယ်မှ ကိုယ်စားလှယ်များက အဆို(၁)ခု တင်သွင်းခဲ့ကြသည်။

**ပြည်သူ့လွှတ်တော်၊ဒုတိယအကြိမ်ပထမပုံမှန်အစည်းအဝေး မှ ဒုတိယပုံမှန်အစည်းအဝေးအထိ ကိုယ်စားပြုဒေသအလိုက် အဆိုတင်သွင်းမှု**

၂၈။ ပြည်သူ့လွှတ်တော်၊ ဒုတိယအကြိမ်ပထမပုံမှန်အစည်းအဝေး မှ ဒုတိယပုံမှန်အစည်းအဝေး အထိကိုယ်စားပြုဒေသအလိုက် အဆိုတင်သွင်းမှုအခြေအနေပြဇယား

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ပထမပုံမှန် အစည်းအဝေး | ရာခိုင်နှုန်း | ဒုတိယပုံမှန် အစည်းအဝေး | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ၁ | ၈.၃၃% | ၃ | ၁၈.၇၅ % |
| ၂။ | ဧရာဝတီတိုင်းဒေသကြီး | ၂ | ၁၆.၆၆% | ၁ | ၆.၂၅ % |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး | ၂ | ၁၆.၆၆% | ၂ | ၁၂.၅၀ % |
| ၄။ | မကွေးတိုင်းဒေသကြီး | ၁ | ၈.၃၃% | ၂ | ၁၂.၅၀ % |
| ၅။ | မန္တလေးတိုင်းဒေသကြီး | ၁ | ၈.၃၃% | ၄ | ၂၅ % |
| ၆။ | ပဲခူးတိုင်းဒေသကြီး | - | - | ၃ | ၁၈.၇၅ % |
| ၇။ | ကချင်ပြည်နယ် | ၃ | ၂၅.၀၃% | - | - |
| ၈။ | ရှမ်းပြည်နယ် | ၁ | ၈.၃၃% | - | - |
| ၉။ | ရခိုင်ပြည်နယ် | ၁ | ၈.၃၃% | ၁ | ၆.၂၅ % |
| | **စုစုပေါင်း** | **၁၂** | **၁၀၀%** | **၁၆** | **၁၀၀ %** |

**ပြည်သူ့လွှတ်တော်၊ ဒုတိယအကြိမ်ပထမပုံမှန်အစည်းအဝေးမှ ဒုတိယပုံမှန်အစည်းအဝေးထိ အဆိုများအပေါ် အဆုံးအဖြတ်လေ့လာခြင်း**

၂၉။ ပြည်သူ့လွှတ်တော်၊ ဒုတိယအကြိမ်ပထမပုံမှန်အစည်းအဝေးအတွင်းအဆိုများအပေါ် အဆုံးအဖြတ်များကို လေ့လာရာတွင် တင်သွင်းသော အတည်ပြုအဆို (၂) ခုမှာ အတည်ပြုခံရသည်။ အတည်မပြုအဆို (၁) ခုနှင့် မှတ်တမ်းတင်ခံရသော အဆို (၂) ခုနှင့် ရုပ်သိမ်းသည့်အဆို (၁) ခုရှိကြောင်း တွေ့ရှိရပါ သည်။ အရေးကြီး အတည်ပြုအဆို (၄) ခု နှင့်အရေးကြီး မှတ်တမ်းတင်ခံရသော အဆို (၂) ခုရှိကြောင်း တွေ့ရှိရပါ သည်။

ဒုတိယပုံမှန်အစည်းအဝေးအတွင်း တင်သွင်းသောအတည်ပြုအဆို (၄) ခုမှာ အတည်ပြုခံရသည်။ အတည်မပြုအဆို (၂) ခုနှင့် မှတ်တမ်းတင်ခံရသော အဆို (၉) ခု နှင့်ရုပ်သိမ်းသည့်အဆိုမရှိကြောင်း တွေ့ရှိရပါ သည်။ အရေးကြီးအတည်ပြုအဆို (၁) ခုနှင့်အရေးကြီးမှတ်တမ်း တင်ခံရသော အဆိုမရှိကြောင်းတွေ့ရှိရပါ သည်။

**ပြည်သူ့လွှတ်တော်၊ ဒုတိယအကြိမ်ပထမပုံမှန်အစည်းအဝေး မှ ဒုတိယပုံမှန်အစည်းအဝေးထိ တင်သွင်းသော ရိုးရိုးအတည်ပြု အဆိုများအပေါ် အဆုံးအဖြတ်ပြုခြင်း**

| **အဆုံးအဖြတ်** | **ပထမပုံမှန် အစည်းအဝေး** | **ရာခိုင်နှုန်း** | **ဒုတိယပုံမှန် အစည်းအဝေး** | **ရာခိုင်နှုန်း** |
|---|---|---|---|---|
| အတည်ပြု (ရိုးရိုး) | ၂ | ၃၃.၃% | ၃ | ၂၃.၀၈ % |
| အတည်မပြု (ရိုးရိုး) | ၁ | ၁၆.၇% | ၁ | ၇.၆၉ % |
| မှတ်တမ်းတင် (ရိုးရိုး) | ၂ | ၃၃.၃% | ၉ | ၆၉.၂၃ % |
| ရုပ်သိမ်း (ရိုးရိုး) | ၁ | ၁၆.၇% | - | - |
| **စုစုပေါင်း** | **၆** | **၁၀၀%** | **၁၃** | **၁၀၀ %** |

**ပြည်သူ့လွှတ်တော်၊ ဒုတိယအကြိမ်ပထမပုံမှန်အစည်းအဝေးမှ ဒုတိယပုံမှန်အစည်းအဝေးထိ တင်သွင်းသောအရေးကြီး အဆိုများအပေါ် အဆုံးအဖြတ်ပြုခြင်း**

| **စဉ်** | **အဆုံးအဖြတ်** | **ပထမပုံမှန် အစည်းအဝေး** | **ရာခိုင်နှုန်း** | **ဒုတိယပုံမှန် အစည်းအဝေး** | **ရာခိုင်နှုန်း** |
|---|---|---|---|---|---|
| ၁။ | အတည်ပြု (အရေးကြီး) | ၄ | ၆၆.၆၇% | ၁ | ၅၀ % |
| ၂။ | အတည်မပြု (အရေးကြီး) | - | - | ၁ | ၅၀ % |
| ၃။ | မှတ်တမ်းတင် (အရေးကြီး) | ၂ | ၃၃.၃၃% | - | - |
| | **စုစုပေါင်း** | ၆ | **၁၀၀%** | **၂** | **၁၀၀ %** |

**ပြည်သူ့လွှတ်တော်၊ဒုတိယအကြိမ်ပထမပုံမှန်အစည်းအဝေး မှ ဒုတိယပုံမှန်အစည်းအဝေးထိ ဆက်လက်ဆွေးနွေးရန်မသင့်သည့် အဆိုများအပေါ် အဆုံးအဖြတ်ပြုခြင်း**

ပြည်သူ့လွှတ်တော်၊ဒုတိယအကြိမ်ပထမပုံမှန်အစည်းအဝေးမှ ဒုတိယပုံမှန်အစည်းအဝေးထိ ဆက်လက်ဆွေးနွေးရန်မသင့်သည့် အဆို(၁) ခုသာ ရှိပြီး ရာခိုင်နှုန်းအားဖြင့် (၁၀၀) ရာခိုင်နှုန်း ဖြစ်ပါသည်။

**အဆိုများကို ဆွေးနွေးမှုများအား လေ့လာခြင်း**

၃၀။ ပြည်သူ့လွှတ်တော်၊ ဒုတိယအကြိမ်ပထမပုံမှန်အစည်းအဝေးအတွင်းတင်သွင်းသည့်အဆို (၁၂) ခုကို ပြည်သူ့လွှတ်တော်တွင် တင်သွင်းအဆို ဆွေးနွေးခဲ့ကြောင်းတွေ့ရှိရပါ သည်။ အဆိုများကို လွှတ်တော် ကိုယ်စားလှယ် (၁၁) ဦး က ပါဝင်ဆွေးနွေးခဲ့ကြပါ သည်။

ဒုတိယပုံမှန်အစည်းအဝေးအတွင်းတင်သွင်းသည့်အဆို (၁၆) ခုကို ဆွေးနွေးခဲ့ကြောင်း တွေ့ရှိရပါ သည်။ တင်သွင်းသည့် အဆို (၁၆) ခုအပေါ် ဝိုင်းဝန်းဆွေးနွေးကြသည့် လွှတ်တော် ကိုယ်စားလှယ်ပေါင်း (၁၉၇) ဦး ဆွေးနွေးခဲ့ကြပါသည်။

**ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် ကော်မတီများကို ဖွဲ့စည်းခြင်း**

၃၁။ ဒုတိယအကြိမ် ၊ ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် ကော်မတီများကို အောက်ပါအတိုင်းဖွဲ့စည်းခဲ့ပါသည်-

| စဉ် | ကော်မတီဖွဲ့စည်းသည့်နေ့ | ကော်မတီအမည် |
|---|---|---|
| ၁ | ၅-၂-၂၀၁၆ | ဥပဒေကြမ်းကော်မတီ<br>Bill Committee |
| ၂ | ၅-၂-၂၀၁၆ | ပြည်သူ့ငွေစာရင်းကော်မတီ<br>Public Account Committee |
| ၃ | ၈-၂-၂၀၁၆ | လွှတ်တော်အခွင့်အရေးကော်မတီ<br>Hluttaw Right Committee |

| | | |
|---|---|---|
| ၄ | ၈-၂-၂၀၁၆ | အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေး ကော်မတီ<br>Government's Guarantees,Pledges and Undertaking vetting Committees |
| ၅ | ၁၇-၂-၂၀၁၆ | နိုင်ငံတကာဆက်ဆံရေးကော်မတီ<br>International Relation Committee |
| ၆ | ၁၇-၂-၂၀၁၆ | တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ<br>Farmers and Workers Affairs Committee |
| ၇ | ၁၇-၂-၂၀၁၆ | တိုင်းရင်းသားရေးရာနှင့်ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ<br>National Races Affairs and Internal Peace Implementation Committee |
| ၈ | ၁၉-၂-၂၀၁၆ | ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ<br>Banks and Monetary Affairs Development Committees |
| ၉ | ၁၉-၂-၂၀၁၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ<br>Agriculture,Livestock and Rural Development Committee |
| ၁၀ | ၁၉-၂-၂၀၁၆ | ပညာရေးမြှင့်တင်မှုကော်မတီ<br>Education Development Committee |
| ၁၁ | ၂၂-၂-၂၀၁၆ | ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ<br>Health and Sports Development Committee |
| ၁၂ | ၂၂-၂-၂၀၁၆ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ<br>Natural Resources and Enviromental Conservation Committee |

| | | |
|---|---|---|
| ၁၃ | ၂၂-၂-၂၀၁၆ | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ<br>Transportation, Communication and Construction Committee |
| ၁၄ | ၂၄-၂-၂၀၁၆ | ရင်းနှီးမြှုပ်နှံမှုနှင့်စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ<br>Investment and Industrial Development Committee |
| ၁၅ | ၂၄-၂-၂၀၁၆ | လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ<br>Electricity and Energy Development Committee |
| ၁၆ | ၂၆-၂-၂၀၁၆ | စီးပွားရေးနှင့် ဘဏ္ဍာရေး ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ<br>Economic and Finance Development Committee |
| ၁၇ | ၂၆-၂-၂၀၁၆ | ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကော်မတီ<br>Public Affairs Management Committee |
| ၁၈ | ၂၆-၂-၂၀၁၆ | နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ<br>Fundamental Rights of Citizens Committee |
| ၁၉ | ၁၉-၅-၂၀၁၆ | တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ<br>Judicial and Legal Affair's Committee |

# ၂၀၁၆ ခုနှစ်တွင် ပြဋ္ဌာန်းပြီးသောဥပဒေများ

| | | | |
|---|---|---|---|
| ၁။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် (၁) | မြန်မာနိုင်ငံမီးပြတိုက်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ | ၅-၁-၂၀၁၆ |
| ၂။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် (၂) | ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှုဥပဒေ | ၅-၁-၂၀၆ |
| ၃။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် (၃) | ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေ | ၅-၁-၂၀၁၆ |
| ၄။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် (၄) | ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေ | ၅-၁-၂၀၁၆ |
| ၅။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် (၅) | အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ | ၅-၁-၂၀၁၆ |
| ၆။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် (၆) | ရာဇသတ်ကြီးကိုပြင်ဆင်သည့်ဥပဒေ | ၇-၁-၂၀၁၆ |
| ၇။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် (၇) | ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ | ၁၈-၁-၂၀၁၆ |
| ၈။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် (၈) | အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ | ၁၈-၁-၂၀၁၆ |
| ၉။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော် ဥပဒေအမှတ် (၉) | တိုင်းဒေသကြီးလွှတ်တော်(သို့မဟုတ်) ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ | ၁၈-၁-၂၀၁၆ |
| ၁၀။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် (၁၀) | ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေ | ၁၈-၁-၂၀၁၆ |
| ၁၁။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် (၁၁) | အထူးကုန်စည်ခွန်ဥပဒေ | ၁၈-၁-၂၀၁၆ |

| | | | |
|---|---|---|---|
| ၁၂။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၂) | ၁၉၅၁ခုနှစ်အလုပ်ရုံများ အက်ဥပဒေကို ပြင်ဆင် သည့် ဥပဒေ | ၂၀-၁-၂၀၁၆ |
| ၁၃။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၃) | ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ | ၂၀-၁-၂၀၁၆ |
| ၁၄။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၁၄) | ပိုးသက်ဆေးဥပဒေ | ၂၀-၁-၂၀၁၆ |
| ၁၅။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၅) | အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ | ၂၀-၁-၂၀၁၆ |
| ၁၆။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၆) | ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၂၁-၁-၂၀၁၆ |
| ၁၇။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၇) | ၂၀၁၆ ခုနှစ်၊ အခကြေးငွေပေးချေရေးဥပဒေ | ၂၅-၁-၂၀၁၆ |
| ၁၈။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၈) | ၂၀၁၆ ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေ | ၂၅-၁-၂၀၁၆ |
| ၁၉။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၉) | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အမျိုးသား စီမံကိန်း ဥပဒေ | ၂၅-၁-၂၀၁၆ |
| ၂၀။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၀) | ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ | ၂၅-၁-၂၀၁၆ |
| ၂၁။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၁) | ၂၀၁၆ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာဥပဒေ | ၂၅-၁-၂၀၁၆ |
| ၂၂။ | ၂၀၁၆ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၂၂) | ၂၀၁၆ ခုနှစ်ပြည်ထောင်စု၏ အခွန် အကောက် ဥပဒေ | ၂၅-၁-၂၀၁၆ |

| | | | |
|---|---|---|---|
| ၂၃။ | ၂၀၁၆ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၂၃) | မြန်မာ့ကျောက်မျက်ရတနာဥပဒေကိုဒုတိယ အကြိမ် ပြင်ဆင်သည့်ဥပဒေ | ၂၉-၁-၂၀၁၆ |
| ၂၄။ | ၂၀၁၆ ခုနှစ်ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၂၄) | စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေ | ၂၉-၁-၂၀၁၆ |
| ၂၅။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၂၅) | နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေး ဆိုင်ရာဥပဒေ | ၂၉-၁-၂၀၁၆ |
| ၂၆။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၂၆) | နိုင်ငံတော်၏ အတိုင်ပင်ခံဥပဒေဆိုင်ရာ ဥပဒေ | ၆-၄-၂၀၁၆ |
| ၂၇။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၂၇) | နိုင်ငံတော်အား နှောက်ယှက်ဖျက်ဆီးလို သူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့် ရှောက်သည့်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ | ၂၇-၅-၂၀၁၆ |
| ၂၈။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၂၈) | နိုင်ငံတော်ကောင်စီဥပဒေကို ရုပ်သိမ်း သည့် ဥပဒေ | ၃၁-၅-၂၀၁၆ |
| ၂၉။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၂၉) | ပြည်သူ့ကောင်စီဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ | ၃၁-၅-၂၀၁၆ |
| ၃၀။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၃၀) | ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ | ၈-၆-၂၀၁၆ |
| ၃၁။ | ၂၀၁၆ ခုနှစ်ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၃၁) | အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ကို စတုတ္ထအကြိမ်ပြင်ဆင်သည့်ဥပဒေ | ၈-၆-၂၀၁၆ |
| ၃၂။ | ၂၀၁၆ ခုနှစ်ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၃၂) | တိုင်းဒေသကြီးလွှတ်တော် (သို့မဟုတ်) ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ | ၈-၆-၂၀၁၆ |

| | | | |
|---|---|---|---|
| ၃၃။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၃၃) | အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ဒုတိယ အကြိမ်ပြင်ဆင်သည့်ဥပဒေ | ၁-၈-၂၀၁၆ |
| ၃၄။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၃၄) | ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ ရုပ်သိမ်းသည့် ဥပဒေ | ၁-၈-၂၀၁၆ |
| ၃၅။ | ၂၀၁၆ ခုနှစ်၊ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၃၅) | မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေ ကို ရုပ်သိမ်းသည့်ဥပဒေ | ၁-၈-၂၀၁၆ |
| ၃၆။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၃၆) | ဝန်ထွေခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ | ၁-၉-၂၀၁၆ |
| ၃၇။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၃၇) | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေ | ၁-၉-၂၀၁၆ |
| ၃၈။ | ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၃၈) | ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ | ၅-၁၀-၂၀၁၆ |
| ၃၉။ | ၂၀၁၆ ခုနှစ်၊ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၃၉) | အရေးပေါ်စီမံမှုအက်ဥပဒေကို ရုပ်သိမ်း သည့် ဥပဒေ | ၅-၁၀-၂၀၁၆ |
| ၄၀။ | ၂၀၁၆ ခုနှစ်၊ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ်(၄၀) | မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ | ၁၈-၁၀-၂၀၁၆ |

**သုံးသပ်ချက်**

၃၂။ ယနေ့ခေတ်မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေးသည် ပြည်သူလူထုကြားတွင် ရေပန်း စားအသုံးများလျက်ရှိပါသည်။ လွှတ်တော်အတွင်း မေးခွန်းများနှင့် အဆိုများ၏ အရေအတွက် များပြားလာခြင်းသည် နိုင်ငံသားများ၏ အကျိုးစီးပွားနှင့်ပတ်သက်၍ ပိုမိုဆွေးနွေးနိုးနှော တိုင်ပင်ရန် အခွင့်အလမ်းကောင်း တစ်ခုဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များသည် မည်သည့် နိုင်ငံရေးပါတီနောက်ခံဖြင့် ရွေးကောက်တင်မြှောက်ခံရသည်ဖြစ်စေ၊ မည်သည့် တိုင်းရင်းသား လူမျိုးဖြစ်စေ လွှတ်တော်အတွင်းနေရာရရှိမှု အနည်းအများသည် ကိုယ်စားလှယ်များ

၏ကိုယ်စားပြုမှုကို ပြဋ္ဌာန်းသည်မဟုတ်ဘဲ လွှတ်တော်အတွင်းတတ်ကြွစွာ အားထုတ်ဆောင်ရွက်မှုကသာ မိမိတို့၏သက်ဆိုင်ရာ မဲဆန္ဒနယ်များမှ မဲဆန္ဒရှင်များနှင့် နိုင်ငံသားများ၏အကျိုးစီးပွားကို ဆောင်ရွက်သည့် သာဓကအချို့တွေ့ရှိရပါသည်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အရေ အတွက်နှင့် အင်အားစုကြီးမားခြင်း၊ နည်းပါးခြင်းကို ပဓာနမထားပဲ ဒီမိုကရေစီအလေ့အထနှင့် နိုင်ငံရေးလေ့ကျင့်ပျိုးထောင်မှုကောင်း ဖြစ်ပေါ်စေရန် ဆက်လက်အား ထုတ်သင့်ပါသည်ဟုသုံးသပ်ပါသည်။

**နိဂုံး**

၃၃။ ပြည်သူ့လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်း၊ အဆိုနှင့် ဥပဒေပြုရေး ဆွေးနွေးမှု စသည့် လွှတ်တော်ဆောင်ရွက်ချက်များတွင် ကိုယ်စားလှယ်များ၏ ပါဝင်နိုင်မှုကို ချဲ့ထွင်လာနိုင် ကြောင်း တွေ့ရှိရပါသည်။ သိသာသည့်အချက်မှာ တစ်ရက်တာအတွင်း မေးခွန်းများနှင့် အဆိုများ မေးမြန်းခြင်း၊ တင်သွင်းခြင်း၊ ဆွေးနွေးမှုများ အရေအတွက်အရ အားကောင်းစွာ တိုးတက် ပြောင်းလဲခဲ့သည်ကို တွေ့ရှိရခြင်းဖြစ်ပါ သည်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏ မဲဆန္ဒနယ်နှင့် ပြည်ထောင်စုတစ်ဝှမ်းရှိ တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ကိုယ်စားပြုနိုင်မည့် အဆိုများ ပိုမိုတင်သွင်းနိုင်ရန် မဲဆန္ဒရှင်ပြည်သူများနှင့် ဆက်ဆံရေးကို မြှင့်တင်ရန်ထိတွေ့မှု မြင့်မားလာစေမည့် နည်းလမ်းများ၊ သတင်းအချက် အလက်ရယူနိုင်မှု လမ်းကြောင်းများပိုမို ဖန်တီးအသုံးပြုရန် လိုအပ်ပါသည်။ ပြည်သူ့လွှတ်တော်၏ လုပ်ငန်းစဉ်များပွင့်လင်းမြင်သာမှုရှိစေပြီး အချက်အလက်များကို တတ်နိုင်သမျှ ပြည့်စုံအောင် လေ့လာ၍ သုတေသန စာတမ်းအားပြုစု တင်ပြထားပါသည်။

**ရည်ညွှန်းကိုးကားစာရင်း**

၃၄။ -အစည်းအဝေးနှင့် ကော်မတီဌာန ကြီး( အစည်းအဝေး ဌာနခွဲ ၄)

-ပြည်သူ့လွှတ်တော် နည်းပညာ ဌာန( ၁ ) website

-အစည်းအဝေးအစီအစဉ်

- ပြည်ထောင်စုလွှတ်တော် website

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့်စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅

Research Dept; Email - pyithuhluttawresearch@gmail.com